# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၁၂၂)၊ ၁၃၇၇ ခုနှစ် ၊ တန်ခူးလပြည့် ၊ ၁–၄–၂၀၁၆၊ ဗုဒ္ဓဟူးနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ဒုတိယနေ့ကျင်းပ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်

နေပြည်တော် မတ် ၃၁

သမ္မတရွေးချယ် တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**စတင်ကျင်းပ**

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၆၃ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၆၀ တက်ရောက်ပြီး တက်ရောက်မှုရာခိုင်နှုန်း ၉၈ ဒသမ ၈၆ ရှိသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ အတည်ပြုမှတ်တမ်းတင်သည်။

စာမျက်နှာ ၃ သို့ ☆




ဒုတိယသမ္မတတစ်ဦး ရွေးချယ်တင်မြှောက်ရန် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အစုအဖွဲ့ဝင်များက ဆန္ဒမဲလက်မှတ်များကို တစ်ဦးချင်း လက်မှတ်ရေးထိုးထုတ်ယူပြီး သတ်မှတ်ထားသည့်နေရာတွင် လျှို့ဝှက်ဆန္ဒပြုကာ ဆန္ဒမဲပုံးများအတွင်းသို့ ဆန္ဒမဲလက်မှတ်များ ထည့်ကြစဉ်။

## ယနေ့ ဖတ်စရာအညွှန်း


**ဘဝဆည်းဆာမှာ ခဏတာ**
(ဆောင်းပါး)

စာမျက်နှာ ၆

**ကမ္ဘာ့အင်အားအကောင်းဆုံး ကုန်တင်မောင်းသူမဲ့လေယာဉ် တရုတ်နိုင်ငံ ဟီနန်ပြည်နယ် ကျန်းကျိုးမြို့၌ စမ်းသပ်ပျံသန်း**

စာမျက်နှာ ၈

**နည်းပြ ဒီဖိုးကို နည်းပြသစ်အဖြစ် Woking ခန့်အပ်**

စာမျက်နှာ ၁၁


## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၃၁

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန် အထိခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန် အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန် အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး နေရာကွက်ကျားမိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

မိုး/ ဓလ

၂၀၂၆ ခုနှစ် ၊ ဧပြီ ၁ ရက် ၊ ဗုဒ္ဓဟူးနေ့။

## အားကစားနည်းစနစ်များကို စနစ်တကျ သင်ကြားပြသရမည်

အခြေခံပညာကျောင်းများ၌ မရှိမဖြစ်လိုအပ်သည့် ကာယပညာ ဆရာ၊ ဆရာမ ၄၀၀ ကို ဒုတိယအသုတ်အဖြစ် လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ ပထမအသုတ် သင်တန်းသား၊ သင်တန်းသူ ၄၀၀ ကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၅ ရက်မှ ဖေဖော်ဝါရီ ၁၃ ရက်အထိ သင်တန်းဖွင့်လှစ်ပို့ချခဲ့ပြီးဖြစ်ကြောင်း၊ အခြေခံပညာဦးစီးဌာနအနေဖြင့် ၁၉၈၅ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည့် ကာယပညာနှင့် အားကစား အခြေခံနည်းပြသင်တန်းအမှတ်စဉ်(၁)မှ ယခုဖွင့်လှစ်ခဲ့သည့် သင်တန်းအမှတ်စဉ် (၂၃)အထိ ကာယပညာ ဆရာ၊ ဆရာမ ပေါင်း ၉၄၂၄ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ သင်တန်းတက်ရောက်အောင်မြင်ခဲ့သည့် ဆရာ၊ ဆရာမ ၈၀၀ ကို အခြေခံပညာကျောင်းများတွင် ဒုတိယအလယ်တန်းပြ (ကာယပညာ)များအဖြစ် ခန့်အပ်ပေးပြီး တာဝန်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ အားကစားနည်းစနစ်များကို စနစ်တကျ သင်ကြားပြသရမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က မတ် ၃၀ ရက် နံနက်ပိုင်းတွင် နေပြည်တော် လယ်ဝေးမြို့ အားကစားလေ့ကျင့်ရေးစခန်း၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် ကာယပညာနှင့် အားကစားအခြေခံနည်းပြသင်တန်းအမှတ်စဉ်(၂၃) သင်တန်းဆင်းပွဲ အခမ်းအနား၌ ပြောကြားသည်။

ကာယပညာနှင့် အားကစားအခြေခံနည်းပြသင်တန်း အမှတ်စဉ်(၂၃)ကို ရက်ပေါင်း ၄၀ တိတိ သင်ကြားပို့ချခဲ့ရာ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၄၀၀ တက်ရောက်ခဲ့သည်။

ဒုတိယဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ယခုဖွင့်လှစ်ပေးခဲ့သည့် သင်တန်းသည် ကာယပညာနှင့် အားကစား အခြေခံနည်းစနစ်များကို သင်ကြားပို့ချနိုင်မည့် ကာယပညာ ဆရာ၊ ဆရာမများကို မွေးထုတ်လေ့ကျင့်ပေးခဲ့ပြီး မိမိတို့တာဝန်ကျရာ ကျောင်းအသီးသီးသို့ ရောက်ရှိသည့်အခါတွင် ကာယပညာနှင့် အားကစားအခြေခံနည်းပြသင်တန်းက သင်ကြားပို့ချပေးလိုက်သည့် သင်ခန်းစာများကို KG+12 သင်ရိုးနှင့်အညီ စနစ်တကျသင်ကြားပို့ချရင်း နိုင်ငံတော်မှ အားထားရသည့် နိုင်ငံ့သားကောင်းရတနာများ၊ လက်ရွေးစင်အားကစားသမားများ ပေါ်ထွန်းလာစေရေး လေ့ကျင့်ပျိုးထောင်ပေးကြစေလိုကြောင်း ပြောကြားသည်။

သင်တန်းသား၊ သင်တန်းသူများက ကာယပညာနှင့် အားကစားအခြေခံနည်းပြသင်တန်းတွင် ပို့ချသင်ကြားခဲ့သည့် ဘာသာရပ်အလိုက် သရုပ်ပြတင်ဆက်ကြပြီး ဒုတိယဝန်ကြီးက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ကာ သင်တန်းသား၊ သင်တန်းသူများနှင့် သင်တန်းနည်းပြ ဆရာ၊ ဆရာမများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

သင်တန်းက သင်ယူလေ့လာခဲ့သည့် အားကစားနည်းစနစ်များကို စနစ်တကျ သင်ကြားပြသရမည်ဖြစ်သည်။ အခြေခံပညာကျောင်းသားအားကစားပွဲတော်မှ ပေါ်ထွက်လာမည့် ထူးချွန်ထက်မြက်သည့် အားကစားသမားများကို နိုင်ငံ့လက်ရွေးစင် အားကစားသမားများအဖြစ် ရွေးချယ်ပြီး အာဆီယံကျောင်းသားအားကစားပွဲတော်သို့ အဆင့်မီစွာဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရန် ကြိုးစားလေ့ကျင့်ပေးရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## ပျော်ဘွယ်မြို့နယ်၌ ၂၀၂၆ ခုနှစ် ပါဠိပထမပြန်စာမေးပွဲ ဆက်လက်ဖြေဆို

**ပျော်ဘွယ် မတ် ၃၁**

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၌ သာသနာရေးဦးစီးဌာနမှကျင်းပသည့် ၂၀၂၆ ပါဠိပထမပြန်စာမေးပွဲကို ယနေ့မွန်းတည့် ၁၂ နာရီက ရှမ်းပွဲရပ်ကွက်ရှိ မြို့နယ်ရာပြည့်သာသနာ့ဗိမာန်တော်တွင် ဆက်က်ဖြေဆိုလျက်ရှိသည်။

မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဂုဏာစာရနှင့် အဖွဲ့ဝင်ဆရာတော်များ၏ကြီးကြပ်မှုဖြင့် ပါဠိပထမပြန်စာမေးပွဲတွင် သတ်မှတ်နေ့ရက်အလိုက် သက်ဆိုင်ရာဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်ပြီး ယနေ့ကျင်းပဖြေဆိုသည့် အဘိဓမ္မတ္ထသင်္ဂဟဘာသာရပ်၌ အခြေပြုမူလတန်းတွင် ၆၂ ပါး၊ ပထမငယ်တန်းတွင် ၁၇ ပါး၊ ပထမလတ်တန်းတွင် ၁၂ ပါး၊ ပထမကြီးတန်းတွင် နှစ်ပါး ဝင်ရောက်ဖြေဆိုလျက်ရှိသည်။ **(ယာပုံ)**

ပါဠိပထမပြန်စာမေးပွဲကို ဧပြီ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအာကာစိုးနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

၀-၀-၀-၀-၀



## တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး(စတုတ္ထနေ့) ကျင်းပ



**မန္တလေး မတ် ၃၁**

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး(စတုတ္ထနေ့)ကို ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် ၇၂ ဦး တက်ရောက်သည့်အတွက် ရာနှုန်းပြည့်တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက လုံခြုံရေးနှင့်စီမံခန့်ခွဲရေးဆိုင်ရာကော်မတီ၊ စည်ပင်သာယာရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာကော်မတီနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စီးပွားရေးဆိုင်ရာကော်မတီများတွင် ပါဝင်သည့် အဖွဲ့ဝင်ဦးရေ၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၏ အမည်စာရင်း၊ ကော်မတီများ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များနှင့် သက်တမ်းတို့ကို လွှတ်တော်၏အတည်ပြုချက်ရယူပြီး ကော်မတီဖွဲ့စည်းကြောင်း ကြေညာသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက စက်မှု၊ စွမ်းအင်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီ၊ ပြည်သူ့ရေးရာနှင့်လူမှုရေးဆိုင်ရာကော်မတီနှင့် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီများ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ယင်းကော်မတီများအား ဖွဲ့စည်းရန် လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်ကော်မတီဝင်တို့၏ အမည်စာရင်းများကို လွှတ်တော်သို့တင်ပြသည်။ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌက ၄င်းကော်မတီများ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် လွှတ်တော်ဥက္ကဋ္ဌက ကော်မတီများ ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး(စတုတ္ထနေ့)ကို နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရပ်နားပြီး အစည်းအဝေး(ပဉ္စမနေ့) ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-ဂ)**

## Interactive Teaching and Learning သင်တန်းဖွင့်ပွဲ ကျင်းပ

**မန္တလေး မတ် ၃၁**

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် သင်ကြားရေးကဏ္ဍတွင် သင်ကြားသင်ယူမှု ပိုမိုတိုးတက်ကောင်းမွန်စေရန်အတွက် Interactive Teaching and Learning သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် သီရိရတနာခန်းမတွင် ကျင်းပသည်။

အခမ်းအနား၌ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင့်တင့်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယပါမောက္ခချုပ် (သင်တန်း) ဒေါက်တာကြည်ကြည်မိုးက How to use interactive teaching and learning ခေါင်းစဉ်ဖြင့် သင်တန်းပို့ချခဲ့ရာ ဆရာ၊ ဆရာမများက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။ **(ယာပုံ)**

၄င်းနောက် ပါမောက္ခချုပ်က သင်တန်းတွင် Interactive Teaching and Learning သင်တန်းပို့ချပေးသော ဒုတိယပါမောက္ခချုပ် (သင်တန်း) ဒေါက်တာကြည်ကြည်မိုးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချီရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

☆ ရှေ့ဖုံးမှ

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဒုတိယသမ္မတလောင်းများအဖြစ် အဆိုပြုလွှာများကို နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၁၃ အရ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က စိစစ်ခဲ့ရာ ပြည့်စုံမှုရှိသည်ကို တွေ့ရှိရကြောင်း၊ ကိုယ်စားလှယ်များက အဆိုတင်သွင်းထားသည့် ဒုတိယသမ္မတလောင်းနှစ်ဦး၏ အက္ခရာစဉ်အလိုက် အမည်စာရင်းမှာ (၁) ဒေါက်တာကျော်ဆွေတောင်တွင်းကြီးမဲဆန္ဒနယ်၊ (၂) ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တို့ဖြစ်ကြောင်း လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒုတိယသမ္မတလောင်းအဖြစ်အမည်စာရင်းတင်သွင်းခံရသူ တစ်ဦးထက် ပိုသည့်အတွက် ဒုတိယသမ္မတတစ်ဦး ရွေးချယ်တင်မြှောက်နိုင်ရန် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၁၆ အရ ဆန္ဒမဲလက်မှတ်ဖြင့် လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်တင်မြှောက်မည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများအရ ဆန္ဒမဲပေးပုံပေးနည်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်နိုင်ရန် ဆန္ဒမဲပေးပွဲတွင် အသုံးပြုမည့် ဆန္ဒမဲလက်မှတ်များကို နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများနှင့်အညီ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ် အစုအဖွဲ့ဝင်များ၏ ရှေ့မှောက်၌ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူတစ်ဦးက ရေတွက်သည်။

ဆက်လက်၍ ဒုတိယသမ္မတ တစ်ဦး ရွေးချယ်တင်မြှောက်ရန် လျှို့ဝှက်ဆန္ဒမဲပေးခြင်း အစီအစဉ်ကို ဆောင်ရွက်ရာ ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် အစုအဖွဲ့ဝင်များသည် ဆန္ဒမဲလက်မှတ်များကို တစ်ဦးချင်း လက်မှတ်ရေးထိုး ထုတ်ယူပြီး သတ်မှတ်ထားသည့် နေရာတွင် လျှို့ဝှက်ဆန္ဒပြုကာ ဆန္ဒမဲပုံးများ အတွင်းသို့ ဆန္ဒမဲလက်မှတ်များ ထည့်ကြသည်။



သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ဒုတိယနေ့ကျင်းပစဉ်။

ထို့အတူ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က လည်း ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အစုအဖွဲ့ဝင်များနှင့်အတူ သတ်မှတ်ထားသည့် နေရာတွင် လျှို့ဝှက်ဆန္ဒပြုကာ ဆန္ဒမဲပုံးများအတွင်းသို့ ဆန္ဒမဲလက်မှတ်များ ထည့်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်း ဆိုင်ရာ နည်းဥပဒေ ၁၈၊ နည်းဥပဒေခွဲ (ဌ) အရ ကိုယ်စားလှယ်များကို ထုတ်ပေးထားသည့် ဆန္ဒမဲလက်မှတ်အရေအတွက်နှင့် ဆန္ဒမဲပုံးများအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ် အရေအတွက်တို့ ကိုက်ညီခြင်း ရှိ /မရှိကို လွှတ်တော်၏ ရှေ့မှောက်၌ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရေတွက်စစ်ဆေးကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အစုအဖွဲ့ဝင်များကို ထုတ်ပေးထားသည့် ဆန္ဒမဲလက်မှတ် အရေအတွက် ၂၆၀ ဖြစ်ပြီး ယခုဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၂၆၀ ဖြစ်သည့်အတွက် ကိုက်ညီမှုရှိသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၁၈၊ နည်းဥပဒေခွဲ(ဋ)၊ နည်းဥပဒေခွဲငယ်(၅)အရ ဆန္ဒမဲပေးပွဲ အထမြောက်ကြောင်း ကြေညာသည်။

ထို့နောက် ဒုတိယသမ္မတတစ်ဦး ရွေးချယ်တင်မြှောက်ရန် လျှို့ဝှက်ဆန္ဒပြုထားသည့် ဆန္ဒမဲလက်မှတ်များကို ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ် အစုအဖွဲ့ဝင်များ၏ ရှေ့မှောက်၌ ရေတွက်ကြရာ ဆန္ဒမဲပေးသည့် ဦးရေ စုစုပေါင်း ၂၆၀ ရှိသည့် အနက် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ထောက်ခံမဲ ၂၄၇ မဲ၊ ဒေါက်တာကျော်ဆွေက ထောက်ခံမဲ ၁၀ မဲရရှိပြီး ပယ်မဲ ၃ မဲ ဖြစ်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်ပွဲတွင် ထောက်ခံဆန္ဒမဲအများဆုံး ရရှိသူမှာ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဖြစ်သည့်အတွက် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၂၂ အရ ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့က ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ကြောင်း အတည်ပြုကြေညာသည်။



ဒုတိယသမ္မတတစ်ဦး ရွေးချယ်တင်မြှောက်ရန် လျှို့ဝှက်ဆန္ဒပြုထားသည့် ဆန္ဒမဲလက်မှတ်များကို ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အစုအဖွဲ့ဝင်များ၏ ရှေ့မှောက်၌ ရေတွက်ကြစဉ်။

### အသိပေးကြေညာ

ဆက်လက်၍ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့က ရွေးချယ်တင်မြှောက်လိုက်သည့် ဒုတိယသမ္မတ၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်နာယကထံ တင်ပြသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေး ဒုတိယနေ့ ပြီးဆုံးကြောင်း ကြေညာပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

## တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပ

မုံရွာ မတ် ၃၁

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် မုံရွာမြို့ရှိ လွှတ်တော်အဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်က တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန် အစည်းအဝေးတတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၈၅ ဦးစလုံး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းပြည့်ဖြစ်သဖြင့် အစည်းအဝေးအထမြောက် ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။



ထို့နောက် တိုင်းရင်းသားလူမျိုးများအရေး ဆိုင်ရာကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ဘုတလင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ဦးအောင်မင်းကျော်သူနှင့် အတွင်းရေးမှူး ဘုတလင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ဦးသိန်းသန်းစိုး အပါအဝင် အဖွဲ့ဝင် ၁၁ ဦး၏ အမည်စာရင်း၊ ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို တိုင်းဒေသကြီး လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူ အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ဥပဒေပြုရေးဆိုင်ရာ ကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ကျွန်းလှမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)ဦးမြင့်တင်နှင့် အတွင်းရေးမှူး ရေဦးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)ဦးရဲမိုးနိုင် အပါအဝင် အဖွဲ့ဝင် ၁၃ ဦး၏ အမည်စာရင်း၊ ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို တိုင်းဒေသကြီး လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူ အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာ ကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် မုံရွာမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)ဒေါ်ကြူကြူစိန်နှင့် အတွင်းရေးမှူး ရေဦးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ဦးအောင်လင်းဆန်း အပါအဝင် အဖွဲ့ဝင် ၉ ဦး၏ အမည်စာရင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် အရအသုံးငွေစာရင်း ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် တန့်ဆည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ဦးသော်နိုင်ဦးနှင့် အတွင်းရေးမှူး ခန္တီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ဦးမြတ်ကို အပါအဝင် အဖွဲ့ဝင် ၁၃ ဦး၏ အမည်စာရင်း၊ ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို တိုင်းဒေသကြီး လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေးစတုတ္ထနေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြိုတင်အသိပေး ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးကျင်းပပြီးစီး၊ ဒုတိယသမ္မတအဖြစ် ဒေါ်နန်းနီနီအေးအား ရွေးချယ်တင်မြှောက်




သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။

နေပြည်တော် မတ် ၃၁

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးအောင်လင်းဒွေးက သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၁၅၇ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၁၅၅ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့် အတွက် ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်ခံအမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ပထမနေ့တွင် ဒုတိယသမ္မတလောင်းအဖြစ် ကိုယ်စားလှယ်များ အဆိုတင်သွင်းထားသည့် ကရင်ပြည်နယ်လွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းနီနီအေးနှင့် ကချင်ပြည်နယ် အမျိုးသားလွှတ်တော် (အချိုးကျ ကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာမနာမ်တူးဂျာတို့၏ အမည်စာရင်းနှင့် ဒုတိယသမ္မတလောင်းနှစ်ဦး၏ အဆိုပြုလွှာများကို နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ(၁၃)အရ စိစစ်ရာ ပြည့်စုံမှုရှိသည်ကို တွေ့ရှိရကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများအရ ဆန္ဒမဲပေးရမည့်နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်က ဆန္ဒမဲလက်မှတ်များကိုရေတွက်ပြီး လျှို့ဝှက်ဆန္ဒမဲပေးခြင်း အစီအစဉ်ကို ဆောင်ရွက်ရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အစုအဖွဲ့ကိုယ်စားလှယ်များသည် ဒုတိယသမ္မတလောင်းအဖြစ် အမည်စာရင်း တင်သွင်းခံရသူနှစ်ဦးအနက်မှ တစ်ဦးကို ရွေးချယ်တင်မြှောက်နိုင်ရန် ဆန္ဒမဲလက်မှတ်များကို အမျိုးသားလွှတ်တော်ရုံး ဝန်ထမ်းများထံမှ လက်မှတ်ရေးထိုးထုတ်ယူကြကာ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လျှို့ဝှက်ဆန္ဒမဲပေးကြသည်။

ဆန္ဒမဲပေးပြီးနောက် အမျိုးသားလွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်က နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၁၈၊ နည်းဥပဒေခွဲ(ဋ)အရ ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှေ့မှောက်တွင် ဆန္ဒမဲပုံးများကို ဖွင့်လှစ်ပြီး သက်ဆိုင်ရာ နည်းဥပဒေများနှင့်အညီ စိစစ်ရေတွက်သည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကိုယ်စားလှယ်များအား ထုတ်ပေးထားသည့် ဆန္ဒမဲလက်မှတ် အရေအတွက် ၁၅၅ မဲဖြစ်ပြီး ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ် အရေအတွက်သည် ၁၅၅ မဲဖြစ်သည့်အတွက် ကိုက်ညီမှုရှိသဖြင့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၁၈၊ နည်းဥပဒေခွဲ(ဋ)၊ နည်းဥပဒေခွဲငယ် ၅ အရ ဆန္ဒမဲပေးပွဲအထမြောက်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်က ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှေ့မှောက်၌ ဒုတိယသမ္မတလောင်း တစ်ဦးစီရရှိသည့် ဆန္ဒမဲလက်မှတ်များကို သီးခြားစီခွဲ၍ ရေတွက်ပြီး ဒုတိယသမ္မတလောင်းများ ရရှိသည့် ထောက်ခံဆန္ဒမဲအနည်းအများအလိုက် အမည်စာရင်းကို ပုံစံ(၈)တွင် ဖြည့်စွက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယသမ္မတလောင်းများ၏ တစ်ဦးချင်း ထောက်ခံဆန္ဒမဲရရှိမှု အခြေအနေမှာ ကရင်ပြည်နယ်လွှတ်တော် (အချိုးကျ ကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းနီနီအေး ထောက်ခံဆန္ဒမဲ ၁၁၇ မဲနှင့် ကချင်ပြည်နယ် အမျိုးသားလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာမနာမ်တူးဂျာ ထောက်ခံဆန္ဒမဲ ၃၈ မဲတို့ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၂၂ အရ ထောက်ခံဆန္ဒမဲ အများဆုံးရရှိသည့် ကရင်ပြည်နယ်လွှတ်တော် (အချိုးကျ ကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းနီနီအေးအား ဒုတိယသမ္မတအဖြစ် ရွေးချယ် တင်မြှောက်ကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အစုအဖွဲ့က ရွေးချယ်တင်မြှောက်သည့် ဒုတိယသမ္မတ ကရင်ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းနီနီအေး၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်နာယကထံ တင်ပြသွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်ခံအမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့ ဒုတိယနေ့အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာသည်။

သတင်းစဉ်



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အစုအဖွဲ့ကိုယ်စားလှယ်များက ဒုတိယသမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရသူနှစ်ဦးအနက်မှ တစ်ဦးကို ရွေးချယ်တင်မြှောက်နိုင်ရန် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လျှို့ဝှက်ဆန္ဒမဲပေးကြစဉ်။

## ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(မန္တလေး)(၂၂)ကြိမ်မြောက်နှင့် (၂၃)ကြိမ်မြောက်ဘွဲ့နှင်းသဘင်ကျင်းပ

မန္တလေး မတ် ၃၁

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(မန္တလေး)၏ (၂၂)ကြိမ်မြောက်နှင့် (၂၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်ရှိ မန္တလေးတက္ကသိုလ် ဘွဲ့နှင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ပါမောက္ခချုပ် ဒေါက်တာဆွေဆက်က ဘွဲ့လွန်မဟာသိပ္ပံဘွဲ့ရ သုံးဦး၊ ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာဘွဲ့ရ ၉၅ဦး၊ ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာဘွဲ့ရ ၆၀ နှင့် ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာဘွဲ့ရ ၄၅ ဦးတို့ကို ဘွဲ့လက်မှတ်များ အပ်နှင်းပေးပြီး ဘွဲ့နှင်းသဘင်မိန့်ခွန်းပြောကြားသည်။

ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(မန္တလေး)သည် တက္ကသိုလ် စတင်ဖွင့်လှစ်ချိန်မှ ၂၆ နှစ်တာကာလအတွင်း မဟာသိပ္ပံဘွဲ့ရသူ စုစုပေါင်း ၅၉ ဦး၊ ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာရှင် ၈၉၃ ဦး၊ ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာရှင် ၆၄၂ ဦး၊ ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာရှင် ၇၀၇ ဦးနှင့် ဘွဲ့ကြိုဘွဲ့ရသူဦးရေ စုစုပေါင်း ၂၄၂ ဦးတို့ကို ဘွဲ့များချီးမြှင့်နိုင်ခဲ့ကြောင်း သိရသည်။

မြင့်မော်ထွန်း(ပြန်/ဆက်)



# သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၃၁

နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများအရ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ဒုတိယသမ္မတရွေးချယ်ရေး အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ချုပ်ရဲကျော်သူက သဘာပတိအဖြစ် ဆောင်ရွက်ပြီး သဘာပတိက ယနေ့ကျင်းပသည့် အစည်းအဝေးကို တက်ရောက်ခွင့်ရှိသည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၁၆၆ ဦးစလုံး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းပြည့်ဖြစ်သဖြင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ဆက်လက်၍ သဘာပတိက ဒုတိယသမ္မတရွေးချယ်တင်မြှောက်ရေးဆိုင်ရာနှင့် ပတ်သက်သည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းပြောကြားပြီး တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့က ရွေးချယ်တင်မြှောက်မည့် ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်နိုင်ရေး အတွက် အဆိုပြုလွှာများကို အခမ်းအနားမှူး






မှတစ်ဆင့် သဘာပတိထံတင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်ချုပ်ကျော်သူရအေးက ဦးညီစော(ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ ကိုကိုးကျွန်းမဲဆန္ဒနယ်) အား တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ရွေးချယ်တင်မြှောက်သည့် ဒုတိယသမ္မတအဖြစ် အဆိုပြုတင်သွင်းရာ တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးချုပ်စိုးညွန့်က ထောက်ခံတင်သွင်းသည်။

ယင်းအဆိုတင်သွင်းမှုအပေါ် ကန့်ကွက်သူမရှိသဖြင့် ဦးညီစော (ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ ကိုကိုးကျွန်းမဲဆန္ဒနယ်) အား တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ရွေးချယ်တင်မြှောက်သည့် ဒုတိယသမ္မတအဖြစ် အတည်ပြုခဲ့ပြီး သဘာပတိက ပြည်ထောင်စုလွှတ်တော်နာယကထံ ပေးပို့တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ

မြစ်ကြီးနား မတ် ၃၁

တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက်အတွင်းရှိ ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပခဲ့ကြပြီး လွှတ်တော်ကော်မတီသုံးရပ်ကိုဖွဲ့စည်းရေး လွှတ်တော်သို့တင်ပြခဲ့ကြသည်။

ဦးစွာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျူးက တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုလွှတ်တော်နာယကထံ ပေးပို့လာသော ဝမ်းမြောက်ဂုဏ်ယူကြောင်း သဝဏ်လွှာအား ဖတ်ကြားတင်ပြပြီး ဥပဒေကြမ်းကော်မတီ၊ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီနှင့် ကချင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးကော်မတီဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌက ကော်မတီများ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းများကို လွှတ်တော်သို့တင်ပြပြီး အကြံပြုဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# တတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပ

ဘားအံ မတ် ၃၁

တတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို မတ် ၃၁ ရက် နံနက် ၁၀ နာရီက ဘားအံမြို့ အမှတ်(၄)ရပ်ကွက်ရှိ ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ၂၃ ဦးအနက် ၂၁ ဦးတက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစန်းကိုက ပြည်နယ်တိုင်းရင်းသားများအခွင့်အရေးဆိုင်ရာကော်မတီ၊ အစိုးရအဖွဲ့၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များဆိုင်ရာကော်မတီ၊ ပြည်သူတို့၏တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာ စိစစ်ရေးကော်မတီတို့ကို ဖွဲ့စည်းနိုင်ရေးအတွက် ပြည်နယ်လွှတ်တော်သို့ ရှင်းလင်းပြောကြားပြီး ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးမင်းထွေးက အဆိုပါကော်မတီများ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကို ပြည်နယ်လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အဆိုပါကော်မတီများ၏ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့တင်ပြရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ကန့်ကွက်ရန်မရှိ သဘောတူညီကြသည့်အတွက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်မှ အတည်ပြုကြောင်း ကြေညာခဲ့သည်။

ပြည်နယ်(ပြန်/ဆက်)



# တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကျင်းပ




စစ်တွေ မတ် ၃၁

တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို ယနေ့နံနက် ၁၀ နာရီက ရခိုင်ပြည်နယ် လွှတ်တော်အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

ဦးစွာ ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာစန်းရွှေက တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (စတုတ္ထနေ့) အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် ရခိုင်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာထင်လင်းဦးက ဖွဲ့စည်းရန်လျာထားသည့် ဥပဒေပြုရေးကော်မတီတွင် အမ်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးမြသန်းအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ အတွင်းရေးအမှူးအဖြစ် ရမ်းဗြဲမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါ်ခိုင်ဇင်ဦးနှင့် ကော်မတီဝင်ခုနစ်ဦးတို့အားလည်းကောင်း၊ တိုင်းရင်းသားလူမျိုးများအရေး လေ့လာရေးကော်မတီတွင် ကျောက်ဖြူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်စောသိန်းအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ အတွင်းရေးအမှူးအဖြစ် ပေါက်တောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသာထွန်းနှင့် ကော်မတီဝင်ခုနစ်ဦးတို့အားလည်းကောင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီတွင် တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကျော်ဇေယျအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ အတွင်းရေးအမှူးအဖြစ် မင်းပြားမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစောသိန်းထွန်းနှင့် ကော်မတီဝင်ငါးဦးတို့အားလည်းကောင်း ဖွဲ့စည်းတာဝန်ပေးအပ်ရန် လျာထားသည့် အမည်စာရင်းအား ပြည်နယ်လွှတ်တော်သို့တင်ပြပြီး ပြည်နယ်လွှတ်တော်၏အဆုံးအဖြတ်ကို ရယူသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဥပဒေပြုရေးကော်မတီ၊ တိုင်းရင်းသားလူမျိုးများအရေး လေ့လာရေးကော်မတီနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီများ၏ဖွဲ့စည်းတာဝန် ပေးအပ်မည့်အမည်စာရင်းအား အတည်ပြုကြေညာခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ဘဝဆည်းဆာမှာ ခဏတာ

ဖြိုး(စမ္မအလင်း)



နံနက် ၉ နာရီ ထိုးခါနီးတွင် လက်ကိုင်ဖုန်းက အသံမြည်လာသည်။ စာရေးသူနှင့် ကာတွန်းဖိုးချစ် (မန်းတောင်)တို့ နှစ်ဦးသား ဆိုင်ကယ်စီးနေရာမှ ခေတ္တရပ်ပြီး လက်ကိုင်ဖုန်းကို ကြည့်မိရာတွင် ဆရာပြည့်အောင်မှ စာပေတင်းကုပ်စုရပ်တွင် လူစုံနေပြီဖြစ်ကြောင်း သတင်းပို့လာသည်။ စာရေးသူမှ မကြာမီ ရောက်တော့မည်ဖြစ်ကြောင်း ပြန်ပြောရင်း နန်းတော်ရှေ့ စာပေတင်းကုပ်၊ ရေနွေးကြမ်းဝိုင်းစုရပ်သို့ ဆိုင်ကယ်ဖြင့် ဆက်ထွက်ခဲ့ပြီး မကြာမီ ရောက်ရှိခဲ့သည်။ ရေနွေးကြမ်းဝိုင်းစုရပ်တွင် ခရီးသွားရန် အသင့်ဖြစ်နေသည့် ကားငယ်နှစ်စီး အသင့်ရပ်ထားပြီး စာပေမိတ်ဆွေများ စုံလင်စွာ ရောက်နှင့်နေသည်ကို တွေ့ကြရပေသည်။

အတူသွားရောက်ကြမည့် ခရီးစဉ်မှာ နှစ်ဦးအခါသမယအကြို ပုလဲဆရာတော် သီတင်းသုံးရာ ဘဝဆည်းဆာမေ့ရိပ်သာသို့ သွားရောက်ကြရန်ဖြစ်သည်။ အဓိကရည်ရွယ်ချက်မှာ ဆရာတော်အား ဖူးမြော်ကြည်ညိုရင်း လှူဖွယ်သကၤန်း ဆက်ကပ်လှူဒါန်း၍ ဆရာတော်ထံမှ ဩဝါဒ ခံယူကြရန်ပင်ဖြစ်သည်။ မိမိတို့ နန်းတော်ရှေ့ စာပေတင်းကုပ် ရေနွေးကြမ်း ဝိုင်းတော်သားများအား အထူးသံယောဇဉ်ရှိသူဖြစ်ပြီး အခါအားလျော်စွာ မိမိတို့စာပေအဖွဲ့သားများကိုလည်း သီတင်းသုံးရာ ဘဝဆည်းဆာရိပ်သာသို့ ခေါ်ဆောင်ပြီး ကျွေးမွေးပြုစုကာ မိမိတို့အဖွဲ့သားများမှလည်း ဩဝါဒခံယူကြစမြဲ ဖြစ်ပေသည်။

မကြာမြင့်မီကပင် ဆရာတော်၏ မှာကြားချက်အရ စာပေတင်းကုပ် ရေနွေးကြမ်း ဝိုင်းတော်သားများနှင့် ပုသိမ်ကြီး၊ အမရပူရ အစရှိသည့် မြို့နယ်များမှ စာပေဝိုင်းတော်သားများ စုပေါင်း၍ ဆရာတော်သီတင်းသုံးရာ ဘဝဆည်းဆာရိပ်သာသို့ သွားရောက်ရန် စီစဉ်ရင်း ဤခရီးစဉ်ဖြစ်ပေါ်ခဲ့ခြင်းပင်။ နံနက် ၉ နာရီတွင် ကားငယ်နှစ်စီးဖြင့် အဖွဲ့ဝင် ၂၀ ဦးကျော်တို့ စတင်ထွက်ခွာခဲ့ကြသည်။ ဘဝဆည်းဆာရိပ်သာမှာ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ဇော်ဂျီမြစ်နဖူးပေါ်ရှိ ကျောက်တန်းကျေးရွာတွင် တည်ရှိပေသည်။ နံနက် ၁၀ နာရီခွဲခန့်တွင် ဘဝဆည်းဆာရိပ်သာသို့ ရောက်ရှိခဲ့ကြသည်။ ဆရာတော်အား အဆင်သင့်တွေ့ရှိဖူးမြော်ရပြီး အဖွဲ့သားအားလုံးမှ ခရီးရောက်မဆိုက်ပင် ဦးချကန်တော့ခွင့်ရကြပေသည်။

ခေတ္တအပန်းဖြေရန်အတွက် အဆင်သင့်ပြင်ဆင်ထားသော နားနေဆောင်တွင် ရေနွေးကြမ်းနှင့် မြန်မာ့ရိုးရာ မုန့်ဆီကြော်ပူပူကို အားပါးတရ စားသောက်ကြ၍ ဆရာတော်နှင့် ဝေယျာဝစ္စ ကုသိုလ်ပြုသူများကို အထူးကျေးဇူးတင်ကြရပေသည်။ ဆရာတော်အား ဦးချရင်း ခေတ္တစကားပြောရသည်တွင် စာရေးသူအား ဆရာတော်မှ စာရေးဆရာကြီး သားအောင်မြင့်နှင့် ဆရာတော် တက္ကသိုလ်တေဇလင်းတို့ ဦးဆောင်ကြိုးပမ်းလျက်ရှိသည့် 'ဗောဓိပူစာ' မဂ္ဂဇင်းတွင် စာမူပို့ဖြစ်ရဲ့လား မေးလာသည်။ စာရေးသူမှ ယခု အောက်တိုဘာလအတွင်းက ဗုဒ္ဓဂါယာသို့ ဘုရားဖူးရောက်ဖြစ်ကြောင်းနှင့် ဘုရားဖူးခရီးစဉ် ဆောင်းပါးရေးပြီး ပို့ဖြစ်ကြောင်း ပြန်လည်လျှောက်ထားခဲ့သည်။ ဆက်လက်၍ ဆရာတော်မှ စကားစမြည် မိန့်ကြားရင်း ယနေ့ခေတ်ကာလ၏ လူငယ်တို့ အခြေအနေနှင့် လူငယ်များကို မွေးဖွားသန့်စင်ခဲ့သည့် မိဘတို့ဆက်နွယ်သည့် ဆက်ဆံရေးကို အလေးပေးပြောကြားခဲ့သည်။ မိဘတို့သည် သားသမီးများအား ငယ်စဉ်ကပင် မိမိတို့လိုအပ်သလို ပုံသွင်းနိုင်ရန် လိုအပ်ကြောင်း မိဘ၊ သားသမီး ဆက်ဆံရေးနွေးထွေးသင့်ကြောင်းများကို မိန့်ကြားခဲ့သည်။ စာရေးသူတို့ ငယ်စဉ်ဖြတ်သန်းခဲ့ရသော မိဘနှင့်သားသမီးတို့၏ ဆက်ဆံရေးအကြောင်းကို စာရေးသူမှ ဆွေးနွေးပြောကြားမိသည်။

စာရေးသူတို့ ငယ်စဉ်က မိဘသာမက အဘိုး၊ အဘွားတို့၏ အိပ်ရာဝင်ပုံပြင်များ၊ ထမင်းလက်ဆုံစားရသည်နှင့် ထမင်းစားဝိုင်းတွင် မိမိတို့ ဆုံးမလိုရာ ပြောကြားလိုရာ ဘဝနီတိ၊ လောကနီတိများအကြောင်း ရောက်တတ်ရာရာ လျှောက်ထားမိသည်။ ဆရာတော်မှ ဖြည့်စွက်သည်မှာ ယခုထက်တိုင်ပင် တရားပွဲသဘင်မျိုးတွင် ထိုအခြေခံအချက်များ၊ အကြောင်းတရားများ အရေးပါပုံကို ထည့်သွင်းဟောကြားလေ့ရှိကြောင်း မိန့်ကြားခဲ့သည်။ မိဘနှင့်သားသမီး၊ ဆရာတပည့်ဆက်ဆံရေးတွေ အဆက်မပြတ်စေရန်နှင့် နွေးထွေးမှုများရှိစေရန် အရေးပါသကဲ့သို့ ထိုဆက်ဆံရေးများမှ ဆုံးမစကားများ၊ နီတိများစွာသည် လူငယ်တို့အတွက် အရေးပါလှကြောင်း သိစေရန်ပင်ဖြစ်သည်။ ထိုအကြောင်းအရာမျိုးကိုလည်း ယနေ့လူငယ်တို့အတွက် ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ရေးသားစေလိုကြောင်း မိမိအား တိုက်တွန်းခဲ့သည်။

ထိုခဏမှာပင် စာရေးသူတို့အား နံနက်စာ အဆင်သင့်ဖြစ်ကြောင်း ဝေယျာဝစ္စအဖွဲ့မှ ပြောကြားသဖြင့် မနက်စာကို စာပေမိတ်ဆွေများ အတူတကွ စားသောက်ကြရသည်။ သပြွန်းဟင်းနှင့် သရက်ချဉ်သုပ်၊ ငရုတ်သီးကြော်၊ ငါးပိချက် စုံလင်စွာဖြင့် မြိန်ယှက်စွာ စားသောက်ခွင့်ကြုံကြရာ ဆရာတော်နှင့် ဝေယျာဝစ္စပြုသူများအား ကျေးဇူး အထူးတင်ရပါသည်။ စားအပြီးတွင် ဆရာတော်အား စုပေါင်းဦးချ၍ သင်္ကန်းကပ်လှူခြင်း၊ သီလခံယူခြင်း၊ ရေစက်ချ အမျှအတန်းပေးဝေခြင်းများကို စုပေါင်းပြုလုပ်ကြ၍ ဝမ်းမြောက်စွာ သာဓုခေါ်ခွင့် ရကြပေသည်။ ထို့မှ စာပေသမားများအတွက် အနားယူအပန်းဖြေ၊ စာပေအခမ်းအနားများ ကျင်းပရန် ပြုလုပ်ထားသောနေရာသို့ သွားရောက်ကြ၍ ဆရာတော်၏ ဩဝါဒကို ဦးစွာခံယူခဲ့ကြသည်။

ဆရာတော်မှ မိမိတို့ စာပေတင်းကုပ် စာပေ ရေနွေးကြမ်း ဝိုင်းတော်သားများမှာ အသက်အရွယ်ကြီးရင့်ကြပြီဖြစ်၍ ကျန်းမာအောင် ဂရုပြုနေထိုင်ကြရမည်ဖြစ်ကြောင်း၊ ထို့နောက် မိမိကိုယ်မိမိ တည့်အောင် နေထိုင်တတ်ရန်၊ မိသားစုနှင့် လိုက်လျောညီထွေဖြစ်အောင် နေထိုင်တတ်ရန်၊ မိမိတို့ စာပေမိတ်ဆွေများ အချင်းချင်း မေတ္တာတရားဖြင့် ငြိမ်းအေးစွာ အတူတကွနေထိုင်ကြရန်၊ မေတ္တာပို့သသည်ထက် မေတ္တာပေး၍ နွေးထွေးစွာ နေထိုင်ကြရန်တို့ကို ဆုံးမဩဝါဒ မြွက်ကြားရာ ဝမ်းမြောက်စွာ သာဓုခေါ်ရင်း နာခံခဲ့ကြရပေသည်။ ထို့နောက် တစ်ဦးစီ အလှည့်ကျ ကဗျာအကြောင်း၊ စာအကြောင်းများ ပြောကြားရင်း အခမ်းအနားကို အနားသတ်ခဲ့ကြသည်။ အချိန်မှာ မွန်းလွဲ ၂ နာရီကျော်ပြီဖြစ်သဖြင့် ဆရာတော်အား ဦးချ၍ ဘဝဆည်းဆာရိပ်သာမှ ပြန်လည်ထွက်ခွာခဲ့ကြသည်။

အပြန်လမ်းတစ်လျှောက် စာရေးသူ၏ စိတ်အစဉ်သည် ပုလဲဆရာတော်နှင့် ဆုံတွေ့ခွင့်ရစဉ်က ဆရာတော် မိန့်ကြားခဲ့သော မိဘနှင့်သားသမီး နွေးထွေးစွာရှိတတ်သော မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုဘဝများ၊ ဆရာနှင့်တပည့် နွေးထွေးသော ဆက်ဆံရေးများ၊ ထိုဆက်ဆံရေးများမှ ရရှိလာနိုင်မည့် သွန်သင်ညွှန်ကြားမှုများ၊ လောကနီတိ၊ ဘဝနီတိများကို စဉ်းစားရင်း ယနေ့လူငယ်များကို လက်ဆင့်ကမ်းပေးဖို့လိုကြောင်း အတွေးပေါ်ခဲ့သည်။ ထို့ပြင်မက မိမိတို့ စာပေသမား သက်ကြီးရွယ်အိုဘဝများအတွက် လိုက်နာကျင့်သုံးရန် လိုအပ်သော အချက်အလက် အကြောင်းအရာများကို စဉ်းစားရင်း လိုက်နာရန် မိန့်ကြားခဲ့သော ပုလဲဆရာတော်အား ကျေးဇူးတင်ဦးခိုက်မိသည်။

ယနေ့ မန္တလေး နန်းတော်ရှေ့ စာပေတင်းကုပ် ရေနွေးကြမ်းဝိုင်းတော်သားများ၏ စာပေခရီးသည် လွန်စွာတန်ဖိုးကြီးသော ခရီးဖြစ်ပြီး ပုလဲဆရာတော်အား ကျေးဇူးတင် ဦးခိုက်မိသည်။ ယနေ့ မန္တလေး၊ နန်းတော်ရှေ့စာပေတင်းကုပ်၊ ရေနွေးကြမ်း ဝိုင်းတော်သားများ၏ စာပေခရီးသည် တန်ဖိုးကြီးကြောင်း စဉ်းစားမိပြီး ပုလဲဆရာတော်လည်း သက်တော်ရှည်၍ စာပေအရေး၊ ပရဟိတအရေး၊ ဘာသာသာသနာအရေးတို့ကို အလေးပေးဆောင်ရွက်နိုင်ပါစေကြောင်း မန္တလေး နန်းတော်ရှေ့ စာပေတင်းကုပ် ရေနွေးကြမ်းဝိုင်းတော်သူ၊ ဝိုင်းတော်သားများ ကိုယ်စား စာရေးသူမှ မေတ္တာဖြင့် ဆုတောင်းရေးသားအပ်ပါသည်။

# ငြိမ်းအေးပါစေ သင်္ကြန်ရေ

မြန်မာလတို့တွင် တန်ခူးလမှာ ပထမဦးဆုံး လတစ်လဖြစ်၍ 'တန်ခူးလ သင်္ကြန်ပွဲ'ဟူ၍ ပွဲတော်တစ်ရပ်အဖြစ် မြန်မာ့ရိုးရာယဉ်ကျေးမှုအနေနှင့် ကျင်းပလေ့ရှိသည်။

တန်ခူးရက်မစုံ နှစ်ဆယ့်ကိုးဟူ၍ ဆိုရိုးစကားရှိပေရာ ရက်ပေါင်း ၂၉ ရက်အပြည့်ရှိသော ထူးကဲသောလဖြစ်ကြောင်း မြန်မာလူမျိုးတို့ သိမှတ်ကြ၏။

မြန်မာတန်ခူးလမှာ နွေလဖြစ်၍ ရာသီဥတု ပူပြင်းပါ၏။ ထိုနေရာ ဤနေရာတွင် ပင်မြင့်ထက်၌ ရွှေအဆင်းလို ဝင်းဝါလျက် အဆုပ်လိုက်၊ အခိုင်လိုက် ပိတောက်ပန်းတွေ ပွင့်နေကြပုံမှာ တန်ခူးလ၏ ထူးဆန်းသော သတင်းတစ်ရပ်အဖြစ် မြင်တွေ့နိုင်သည်။ ပိတောက်ပန်းသည် အဆင်းရော၊ ရနံ့ရော လှပသလောက် သဘာဝ၏မွှေးကြိုင်သင်းသော ဂုဏ်သတင်းနှင့် တန်ခူးလအခါ မြင်ရသူမှာ စိတ်ထဲ ပျော်ရွှင်ကြည်နူးဖွယ်ဖြစ်၏။

တစ်ခါတစ်ခါ ညောင်ပင်အိုထက်တွင်၊ တစ်ခါတစ်ခါ ကုက္ကိုပင်တွင် နားခိုလျက် ဥဩငှက်ငယ်၏ အဆက်မပြတ် သူ့သဘောလျော်စွာ 'ဥဩ၊ ဥဩ၊ ဥဩ'ဟူ၍ နွေတေးသီဆိုသံ ကြားရသောအခါ နွေရာသီ၏ လွမ်းဖွယ်သရုပ်ကို ထုတ်ပြဟန်ရှိသည်။

မြန်မာတို့သည် တန်ခူးလရောက်သောအခါ မဟာသင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲလေ့ရှိကြပါသည်။

သင်္ကန္တပါဠိမှ သင်္ကြန်ဟူ၍ မြန်မာဝေါဟာရ ခေါ်ဝေါ်၍ အဓိပ္ပာယ်မှာ မြန်မာနှစ်ဟောင်းကုန်၍ မြန်မာ့နှစ်သစ်ကူးပြောင်းသော အခါသမယဟု ဆိုလိုသည်။

မဟာသင်္ကြန် အကြိုနေ့မှာတော့ မြန်မာတို့ရဲ့ တိုက်တော်၊ အိမ်တော်တို့၌ အတာအိုးတွင် အောင်သပြေပန်း၊ အုန်းညွှန့်၊ သီးညွှန့်၊ နှင်းဆီပန်း၊ မာလကာညွှန့်စသည်တို့ စိုက်ထိုးလျက် ကောင်းကျိုးမင်္ဂလာ ပြည့်ဝစေဖို့ ဂရုစိုက် အလေးထားကာ ပြင်ဆင်ထားလေ့ရှိသည်ကို မြင်တွေ့နိုင်သည်။

တန်ခူးလ သင်္ကြန်ရောက်လေတိုင်း စာရေးသူတို့ ကလေးဘဝ အရွယ် ရွာထဲရှိ သက်ကြီးရွယ်အို၊ အဘိုးအဘွားတို့အား အိမ်မှ ချက်လုပ်သည့် ဆား၊ ငှက်ပျောသီးမှည့်၊ မုန့်ထုပ်တို့နှင့် တစ်အိမ်တက်ဆင်း လှည့်လည်၍ ကန်တော့ရှိခိုးမှု ဂါရဝပြုရသောအခါ လွန်စွာ ပျော်ရွှင်ကြည်နူးမိပါသည်။

ကန်တော့ခံ ထိုအဘိုး၊ အဘွားတို့က 'ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေ၊ အနာရောဂါ ကပ်ဘေးဆိုးတွေ ကင်းဝေးပါစေ'ဟု ဆုပေးပြီး သောက်ရေခွက်ဖြစ်စေ၊ ဆပ်ပြာခဲဖြစ်စေ ပြန်လည်၍ ပေးလေ့ရှိပါသည်။

သင်္ကြန်အကြိုနေ့မှစ၍ သင်္ကြန်အကျနေ့၊ သင်္ကြန်အကြတ်နေ့၊ သင်္ကြန်အတက်နေ့၊ နှစ်ဆန်းတစ်ရက်နေ့တိုင် ရွာဦးဘုန်းကြီးကျောင်းတွင် ဥပုသ်သည်များ ဥပုသ်သီလ စောင့်ထိန်းလေ့ရှိကြသည်။

ထိုသင်္ကြန်နေ့ရက်တွေတိုင်း နံနက်ချိန်ခါ ထမင်း၊ ကြာဆံဟင်း၊ မုန့်ဟင်းခါး အကျွေးအမွေးကုသိုလ်ရှင်တွေ ရှိကြလေရာ ကလေး၊ လူကြီး ပျိုပျိုအိုအို မည်သူမဆို အေးချမ်းစွာ သုံးဆောင်ကြပုံမှာ ဝမ်းသာစရာဖြစ်သည်။

ထိုခေတ်ကာလ တန်ခူးလအခါ မဟာသင်္ကြန်ရက်များတွင် စာရေးသူတို့၏ ရွာထဲမှာတော့ ကလေးလူငယ်တို့မှာ သူတို့လက်ထဲ ရေပြွတ်ကိုင်သူကကိုင်၊ ရေဖလားကိုင်သူကကိုင်၊ ရေပုံးကိုင်သူကကိုင်နှင့် အတာသင်္ကြန် ရေသဘင်ပွဲကို အေးငြိမ်းစွာနှင့် သင်္ကြန်ရေပက်ဖျန်းကြပေရာ ထိုလူ၊ ဤလူစသည် လူတွေ သင်္ကြန်ရေစိုရွှဲလျက် သင်္ကြန်ရေကြောင့် စိတ်ရော ရုပ်ရော အပူကင်းဝေး၍ ငြိမ်းအေးပါ၏။

အချို့မှာ ဘုရားရုပ်ပွားတော်များအား အမွှေးနံ့သာရည်များဖြင့် ရေသပ္ပာယ်ပူဇော်ကြပေရာ ကုသိုလ်မင်္ဂလာရယူကြ၏။

တန်ခူးလ၏ မဟာသင်္ကြန်ရက်များတွင် အချို့အရပ်ဒေသ၌ လမ်းဘေးတွင် အုန်းလက်များ စိုက်လျက် ရေပီပါများ ချပြီးလျှင် သင်္ကြန်ရေသဘင်ပွဲ ဆင်နွှဲကြပေရာ 'သင်္ကြန်မယ်များ တူးပို့တူးပို့' စတဲ့ သင်္ကြန်သီချင်းသံများကို အသံချဲ့စက်ဖွင့်လျက် ကကြ၊ ခုန်ကြ၊ မြူးကြလျက် ထိုသင်္ကြန်ကာလ တွေ့မြင်ကြားသိရသော အခြင်းအရာတွေမှာ တစ်နှစ်မှာ မြန်မာနှစ်ဦးတန်ခူးလ၏ ပုံရိပ်တွေဖြစ်ကြ၏။

မြန်မာတို့၏ မဟာသင်္ကြန်ရက်များတွင် အပျော်မကြူးဟူ၍ ဘုရားသွားကျောင်းတက် စိတ်ကူးနှင့်အတူ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်တွေပြုလျက် ထိုလူ ဤလူ၏ တန်ဖိုးရှိသော လူ့ဘဝ၏ ကောင်းကျိုးအတွက် ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍ ကောင်းမှုကိုယ်၌တည်အောင် ကြိုးစားအားထုတ်သင့်ပါကြောင်း အတာရေသင်္ကြန်ကြောင့် မြန်မာနိုင်ငံတော်ရှိ ပြည်သူတွေ ငြိမ်းအေးချမ်းသာ ရှိကြပါစေ…။

မြတ်ထေရ်ကျော်




ထိုင်းဘုရင့်ရေတပ်မှ အဖွဲ့ခေါင်းဆောင်ဖြစ်သူ ထိုင်းဘုရင့်ရေတပ် 3rd Naval Area Command မှ Captain Natthawat Wichakul ဦးဆောင်သည့်အဖွဲ့အား တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ စစ်သည်များနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းရေတပ်စစ်သံမှူးတို့ ကြိုဆိုနှုတ်ဆက်ကြစဉ်။




ထိုင်းဘုရင့်ရေတပ်မှ ချစ်ကြည်ရေးခရီးလည်ပတ်ရန် လာရောက်သည့်စစ်ရေယာဉ် HTMS Kraburi (FFG-457)ကို တွေ့ရစဉ်။

# ထိုင်းဘုရင့်ရေတပ်မှ စစ်ရေယာဉ်တစ်စင်း ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ ရောက်ရှိ

နေပြည်တော်   မတ်   ၃၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ထိုင်းဘုရင့်ရေတပ်မှ စစ်ရေယာဉ် HTMS Kraburi (FFG-457) သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ စစ်သည်များနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းရေတပ်စစ်သံမှူးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

**သွားရောက်လေ့လာ**

အဆိုပါစစ်ရေယာဉ်အား အဖွဲ့ခေါင်းဆောင်ဖြစ်သူ ထိုင်းဘုရင့်ရေတပ် 3rd Naval Area Command မှ Captain Natthawat Wichakul ဦးဆောင်၍ ချစ်ကြည်ရေးခရီးအဖြစ် လာရောက်ခြင်းဖြစ်ပြီး ရန်ကုန်မြို့တွင် ဧပြီ ၄ ရက်အထိ ငါးရက်ကြာနေထိုင်၍ အထင်ကရနေရာများသို့ သွားရောက်လေ့လာလည်ပတ်ခြင်းနှင့် နှစ်နိုင်ငံရေတပ်ချစ်ကြည်ရေး အားကစားပြိုင်ပွဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား သုံးဦးအား သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်နိုင်ခဲ့ပြီး အိန္ဒိယနိုင်ငံသားတစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့

နေပြည်တော်   မတ်   ၃၁

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ် နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသားနှစ်ဦးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား သုံးဦးတို့အား ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး အိန္ဒိယနိုင်ငံသား တစ်ဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။



ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် မြဝတီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံရုံးမှ အုပ်ချုပ်မှုအရာရှိနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံးမှတာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

ထို့အတူ ကရင်ပြည်နယ် မြဝတီမြို့အနီးတွင် တရားမဝင် လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် အိန္ဒိယနိုင်ငံသားတစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် မတ် ၃၁ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၆၁၇ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၄၀၄ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၁၃ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁) အရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၄၁ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၄၇၂ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့အား ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများအား ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့်လူကုန်ကူးခံရသည့် နိုင်ငံခြားသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

✡ စာမျက်နှာ ၂၄ မှ

ထို့ပြင် ယခုနှစ်တွင် ထူးခြားစွာ ကျင်းပသည့်"လက်ဖက်ယဉ်ကျေးမှုဆင့်နွှဲ ဒြပ်မဲ့သနပ်ခါး အလှမ်းသင်္ကြန်ပွဲ "ဓာတ်ပုံပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်ဓာတ်ပုံများသည် မန္တလေးလမ်းလျှောက်သင်္ကြန်ပွဲတော်ဧရိယာအတွင်း၌သာလျှင် ရိုက်ကူးရမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဧပြီ ၂၁ ရက် အရောက်ပေးပို့ရမည်ဖြစ်ပြီး ၂၂ ရက်တွင် ဓာတ်ပုံပညာရှင်များက ဆန်ခါတင်ရွေးချယ်ကာ ၂၃ ရက်မှ ၂၉ ရက်အထိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ လူမှုကွန်ရက်စာမျက်နှာတွင် ကြေညာထားမည်ဖြစ်ကြောင်း၊ ကျွန်တော်တို့ လူမှုကွန်ရက်စာမျက်နှာမှာ တင်ထားတဲ့ ပုံထဲက ကိုယ်ကြိုက် တဲ့ပုံကို နှစ်သက်ကြောင်း Like ပေးနိုင်ပါတယ်။ Like အများဆုံးရတဲ့ဓာတ်ပုံကို ဆုချီးမြှင့်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် ပြိုင်ပွဲဝင်တွေအနေနဲ့ facebook like များများရအောင် ကြိုးစားကြဖို့ တိုက်တွန်းလိုပါတယ်။ "ဓာတ်ပုံပညာရှင်များ ပါဝင်ယှဉ်ပြိုင်ကြဖို့လည်း ဖိတ်ခေါ်ပါတယ်"ဟု အခွန်ဌာန ဌာနမှူးက ဆက်လက်ပြောကြားသည်။

ယခုနှစ် မန္တလေးလမ်းလျှောက်သင်္ကြန်ပွဲတော်ကို ကျုံးပတ်လည်တစ်လျှောက်၌ မန္တလေးမြို့တော်မဟာသင်္ကြန် ဗဟိုမဏ္ဍပ်၊ တိုင်းရင်းသား(၈)မျိုး၏ မဏ္ဍပ်များ အပါအဝင် မဏ္ဍပ်ပေါင်း (၄၅)ခုနှင့်အတူ နိုင်ငံကျော် အနုပညာရှင်များ၊ ယိမ်းအကအဖွဲ့များ၊ မြန်မာ့ဆိုင်းဝိုင်းအဖွဲ့များ၏ ဖျော်ဖြေရေးအစီအစဉ်များ၊ စတုဒိသာအကျွေးအမွေး အစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည့်အတွက် ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၅)

ဝ-ဝ-ဝ-ဝ-ဝ

Mandalay City Development Committee
MANDALAY
- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

# အီလက်ထရွန်နစ်အစိတ်အပိုင်း ထုတ်လုပ်မှု အစီအစဉ်အရ အဆိုပြုလွှာ ၂၉ ခုကို အိန္ဒိယအစိုးရက အတည်ပြုပေးခဲ့



**ဒေလီ မတ် ၃၁**

အီလက်ထရွန်နစ် အစိတ်အပိုင်း ထုတ်လုပ်မှုအစီအစဉ်အရ ကုမ္ပဏီအသီးသီးမှ တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှု ပမာဏ စုစုပေါင်း ရူပီး ၇၁ ဒသမ ၀၄ ဘီလီယံ (အမေရိကန်ဒေါ်လာ ၇၅၁ ဒသမ ၂၁ သန်း)ရှိသော အဆိုပြုလွှာ ၂၉ ခုကို အိန္ဒိယ အစိုးရက မတ် ၃၀ ရက်တွင် အတည်ပြုပေးခဲ့ကြောင်း စီအင်န် အေသတင်းဌာနက ဖော်ပြသည်။

အိန္ဒိယနိုင်ငံသည် ၄င်း၏ အီလက်ထရွန်နစ် ထုတ်လုပ်မှု ကဏ္ဍကို မြှင့်တင်ရန် ကြိုးပမ်းလျက်ရှိရာ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်ရန်၊ ပြည်တွင်းထုတ်လုပ်မှု စွမ်းရည်ကို ချဲ့ထွင်ရန်၊ သွင်းကုန်အပေါ် မှီခိုမှုကို လျှော့ချရန်နှင့် ထောက်ပံ့ရေးကွင်းဆက်များကို ခိုင်မာစေရန်အတွက် ခံစားခွင့်ပြုသည့် အစီအစဉ်များစွာကို စတင်ဆောင်ရွက်ခဲ့သည်။

အိန္ဒိယနိုင်ငံ၏ အီလက်ထရွန်နစ် ထုတ်လုပ်မှုကဏ္ဍသည် ၂၀၂၅ ခုနှစ်၊ မတ်လအထိ တစ်နှစ်တာကာလအတွင်း အမေရိကန်ဒေါ်လာ ၁၂၅ ဘီလီယံ တန်ဖိုးရှိ ကုန်စည်များကို ထုတ်လုပ်နိုင်ခဲ့ရာ အစိုးရအနေဖြင့် အဆိုပါပမာဏကို ၂၀၃၁ ဘဏ္ဍာရေးနှစ်တွင် ဒေါ်လာ ၅ ဘီလီယံ ၅၀၀ အထိ တိုးမြှင့်ရန် မျှော်မှန်းထားကြောင်း သိရသည်။

**Mon**

# ကမ္ဘာ့အင်အားအကောင်းဆုံး ကုန်တင်မောင်းသူမဲ့လေယာဉ် တရုတ်နိုင်ငံ ဟီနန်ပြည်နယ် ကျန်းကျိုးမြို့၌ စမ်းသပ်ပျံသန်း

**ပေကျင်း မတ် ၃၁**

တရုတ်မြောက်ပိုင်းစက်မှုလုပ်ငန်းအုပ်စုက ထုတ်လုပ်သည့် ကမ္ဘာ့အင်အားအကောင်းဆုံး ကုန်တင်မောင်းသူမဲ့လေယာဉ်သည် ဟီနန်ပြည်နယ်၏မြို့တော် ကျန်းကျိုး၌ မတ် ၃၁ ရက်က ပထမဆုံးအကြိမ် ပျံသန်းမှုပြုလုပ်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

နိုရင်ကို လူကာအမျိုးအစား မောင်းသူမဲ့ကုန်တင်လေယာဉ်၏ ရှေ့ပြေးပုံစံသည် နံနက် ၉ နာရီ ၃၀ မိနစ်တွင် ကျန်းကျိုးရှန်ကဲ့ လေဆိပ်မှ ပျံတက်ခဲ့ပြီး ထိုနေရာသို့ ပြန်လည်မဆင်းသက်မီ မိနစ် ၃၀ ခန့် ပျံသန်းခဲ့သည်။



အဆိုပါမောင်းသူမဲ့လေယာဉ်ကို တီထွင်ခဲ့သည့် ပေကျင်းအခြေစိုက် နိုရင်ကို ယူအေအက်စ် ကုမ္ပဏီ၏ အဆိုအရ အင်ဂျင်နီယာများသည် လေယာဉ်၏ ပျံသန်းမှုထိန်းချုပ်စနစ်၊ လေကြောင်းလျှပ်စစ်စနစ်၊ အီလက်ထရွန်နစ်နှင့် စွမ်းအင်စနစ်များကို စစ်ဆေးခဲ့ပြီး လိုလားချက်အတိုင်း အောင်မြင်ခဲ့သည်ဟု ဆိုသည်။

ပျံသန်းမှုတစ်ရပ်လုံးကို လေယာဉ်၏ အသိဉာဏ်တုစနစ်များဖြင့် ထိန်းချုပ်ခဲ့ပြီး လူသားထိန်းချုပ်သူများက စောင့်ကြည့်စစ်ဆေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

# လျှပ်စစ်စွမ်းအင်သုံး အိုင်သရီးဆီဒင်ကားသစ် ဘီအမ်ဒဗလျူပြသ၊ ဆောင်းဦးပေါက်တွင် ပထမဆုံးအသုတ် စတင်ပို့ဆောင်ရန်လျာထား

**ဝါရှင်တန် မတ် ၃၁**

ဘီအမ်ဒဗလျူ ကုမ္ပဏီသည် လျှပ်စစ်စွမ်းအင်သုံး အိုင်သရီး ဆီဒင်ကား အမျိုးအစားသစ်ကို တရားဝင် ထုတ်ဖော်ပြသခဲ့ပြီး နောက် လူအများ၏အာရုံစိုက်မှုသည် နောက်ထပ်ထွက်ရှိလာမည့် ဗားရှင်းအသစ်ဆီသို့ သဘာဝအတိုင်း ကူးပြောင်းရောက်ရှိလာခဲ့ကြောင်း သိရသည်။

ကုမ္ပဏီအနေဖြင့် အမ်သရီး လျှပ်စစ်ကားထုတ်လုပ်မှုပိုင်းကို တရားဝင်ပြသခြင်း မရှိသေးသကဲ့သို့ အဆိုပါကားကို အမ်သရီး အီးဗွီ၊ အိုင်အမ်သရီး သို့မဟုတ် အခြားအမည်တစ်ခုခုဖြင့် အဆုံးသတ်ခေါ်ဆိုမည်ကိုလည်း အတည်ပြုခြင်းမရှိသေးပေ။

သို့ရာတွင် ကုမ္ပဏီအနေဖြင့် အခြေခံဦးတည်ချက်ကို ဖုံးကွယ်ထားခြင်းမရှိတော့ဘဲ နိုင်ယာကလာ့စ်၏ ဒုတိယမြောက်မော်ဒယ်လ်ဖြစ်သည့် အိုင်သရီးအမျိုးအစားသစ်ကို မတ် ၁၈ ရက်က ထုတ်ဖော်ပြသခဲ့သည်။

အဆိုပါကားကို ၂၀၂၆ ခုနှစ် ဩဂုတ်လတွင် မြူးနစ်မြို့၌ စတင်ထုတ်လုပ်ရန် သတ်မှတ်ထားပြီး ပထမဆုံးအသုတ်ကို ဆောင်းဦးရာသီတွင် စတင်ပို့ဆောင်ရန် လျာထားသည်။

တစ်ချိန်တည်းမှာပင် ဘီအမ်ဒဗလျူအမ်သည် ၄င်း၏ ပထမဆုံးသော လျှပ်စစ်စွမ်းအင်သုံး စွမ်းဆောင်ရည်မြင့်မော်ဒယ်လ်များကို ၂၀၂၇ ခုနှစ်တွင် စတင်ဖြန့်ချိမည်ဟု အတည်ပြုထားကြောင်း သိရသည်။

**Mon**



**0-0-0-0-0**



# နိုင်ငံတကာသတင်းများ

# အာရှနိုင်ငံများ၏ လတ်တလောဈေးကွက်လိုအပ်ချက်အရ ရုရှားမှထွက်ရှိသော ရေနံစိမ်းကို ပိုမိုပြိုင်ဆိုင်ဝယ်ယူလျက်ရှိ

**မော်စကို မတ် ၃၁**

အမေရိကန်၊ အစ္စရေးနှင့် အီရန်ပဋိပက္ခ တစ်လတာကာလအတွင်းသို့ ရောက်ရှိလာပြီး ကမ္ဘာ့ရေနံထောက်ပံ့မှု ပမာဏ ငါးပုံတစ်ပုံခန့် ပြတ်တောက်လျက်ရှိရာ စွမ်းအင်အကျပ်အတည်းများ မြင့်တက်လာမှုနှင့်အတူ အာရှနိုင်ငံများသည် ရုရှားမှထွက်ရှိသော ရေနံစိမ်းကို ပိုမိုပြိုင်ဆိုင်ဝယ်ယူလျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ပိတ်ဆို့လုနီးပါးဖြစ်နေသည့် ဟော်မုဇ်ရေလက်ကြားမှ ထွက်ရှိသော ရေနံအများစုမှာ လတ်တလော စွမ်းအင်အကျပ်အတည်းဒဏ်ကို အပြင်းထန်ဆုံးခံစားနေရသည့် အာရှဒေသသို့ တင်ပို့နေခြင်းဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။ ပြီးခဲ့သည့်ရက်သတ္တပတ်ကုန်ပိုင်းတွင် အီရန်ကျောထောက်နောက်ခံပြု ဟူသီသူပုန်များက အဆိုပါပဋိပက္ခအတွင်း ပါဝင်လာခဲ့ရာ ရေကြောင်းသယ်ယူပို့ဆောင်ရေးကို ပိုမိုခြိမ်းခြောက်လျက်ရှိသည်။

ကမ္ဘာ့ရေနံစိမ်းထောက်ပံ့မှုကို အားဖြည့်ရန်အတွက် အမေရိကန်ပြည်ထောင်စုသည် ပင်လယ်ပြင်တွင် ရောက်ရှိနေသည့် ရုရှားရေနံတင်သင်္ဘောများအပေါ် ချမှတ်ထားသော ပိတ်ဆို့မှုများကို ယာယီဖြေလျှော့ပေးခဲ့ပြီး ဦးစွာ အိန္ဒိယနိုင်ငံအတွက်လည်းကောင်း၊ ထို့နောက် ကမ္ဘာ့အခြားနိုင်ငံများအတွက်လည်းကောင်း ခွင့်ပြုပေးခဲ့သည်။

ဓာတ်ဆီနှင့် ဒီဇယ်ကဲ့သို့သော လောင်စာဆီများ ထုတ်လုပ်ရန် လိုအပ်သည့် မသန့်စင်ရသေးသော ရေနံစိမ်းများကို တင်ပို့ရာတွင်မူ ရုရှားနိုင်ငံအနေဖြင့် အကန့်အသတ်ရှိနေကြောင်း သိရသည်။

**Mon**




# ဆောင်းမုန်တိုင်းဒဏ်အပြင်းထန်ဆုံးခံရသည့် နေရာများတွင် ဆီးနှင်း ၁၀ လက်မမှ လက်မ ၃၀ ကျော်အထိ ကျရောက်နိုင်

**ဝါရှင်တန် မတ် ၃၁**

ဘဲယားဗယ်လီနှင့် ကာ့ခ်ဝုဒ်ကဲ့သို့သော ဆောင်းမုန်တိုင်းဒဏ် အပြင်းထန်ဆုံးခံရသည့် နေရာများတွင် ဆီးနှင်း ၁၀ လက်မမှ လက်မ ၃၀ ကျော်အထိ ကျရောက်နိုင်ကြောင်း၊ ပါဒါကဲ့သို့သော ရင်းမြစ်များ၏ အစောပိုင်း ခန့်မှန်းချက်များက ဖော်ပြခဲ့သော်လည်း နောက်ဆုံးရရှိသော အမျိုးသားမိုးလေဝသဌာန၏ ထုတ်ပြန်ချက်များအရ မြင့်မားသောတောင်တန်းဒေသများတွင် ၆ လက်မမှ ၁၁ လက်မအထိသာ ကျရောက်နိုင်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။



အကယ်၍ မုန်တိုင်းစနစ် ပိုမိုအားကောင်းလာပါက ဆီးနှင်းကျရောက်မှုပမာဏ ပြန်လည်မြင့်တက်လာနိုင်သော်လည်း လက်ရှိ လမ်းညွှန်ချက်များအရ လျှော့ပေါ့ ခန့်မှန်းထားခြင်းဖြစ်သည့်အတွက် ဆောင်းပါးကိုလည်း ပြန်လည်ပြင်ဆင်ထားခြင်းဖြစ်သည်။

ခန့်မှန်းချက်များအရ ယခုသီတင်းပတ်အတွင်း ဆီးနှင်း ၁၁ လက်မအထိ ကျရောက်နိုင်ပြီး တစ်နာရီလျှင် ၄၅ မိုင်နှုန်းထက် ကျော်လွန်သော လေပြင်းများ တိုက်ခတ်နိုင်သည့် ရာသီနှောင်းပိုင်း ဆောင်းရာသီမုန်တိုင်းစနစ် တစ်ခု အမှတ်မထင် ဝင်ရောက်လာနိုင်သည်ဟု ဆိုရမည်ဖြစ်သည်။

အဆိုပါရာသီဥတုအခြေအနေသည် လူအများစုက ဆောင်းရာသီကုန်ဆုံးပြီဟု ယူဆနေချိန်တွင် ဆောင်းရာသီ၏ နောက်ဆုံးအကြိမ်အဖြစ် ပြင်းထန်စွာ ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

## နေအိမ်များအား တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေး စစ်ဆေး

**မန္တလေး မတ် ၃၁**

ပူပြင်းခြောက်သွေ့သော နွေရာသီသို့ ရောက်ရှိလာပြီဖြစ်ပါသဖြင့် မီးလောင်မီးလန့်မှုများ မဖြစ်ပွားမပေါ်ပေါက်စေရေး အတွက် ယနေ့နံနက်ပိုင်းမှ စတင်၍ မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်တွင် (ခ)ရပ်ကွက်အတွင်းရှိ လူနေအိမ်များအား တစ်အိမ်တက်ဆင်းမီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ စစ်ဆေးဆောင်ရွက်ရာတွင် ပြည်ကြီးတံခွန်မြို့နယ်၊ မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦး ဦးဆောင်၍ သန္ဓေတပ်ဖွဲ့ဝင် ခြောက်ဦး၊ အရန်တပ်ဖွဲ့ဝင် ၂၀ ဦးတို့ဖြင့် ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်အတွင်းရှိ လူနေအိမ်များအား တစ်အိမ်တက်ဆင်းစစ်ဆေးခြင်း၊ 191 Report Application အား ထည့်သွင်းပေးခြင်းနှင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲ၊ ရေ၊ မီးသတ်ဆေးဘူးများ ပြည့်စုံစွာ ထားရှိစေရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။



(ဓါတ်ပုံ)

စင်မင်းမောင်(ခရိုင်၊ပြန်/ဆက်)



## နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

**မိုင်းခတ် မတ် ၃၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်၌ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ လျှော့ချရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့မွန်းလွဲ ၁ နာရီက ဝမ်ခုတ်ကျေးရွာအုပ်စု၊ ယန်းမိုင်(လားဟူ)ကျေးရွာ ဘက်စုံသုံးခန်းမတွင် ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟန်ဝင်းလတ်က တောမီးရှို့ခြင်းမှ မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းမှုဒဏ်များခံရကြောင်း၊ ထိုမှတစ်ဆင့် ကျန်းမာရေးဆိုးကျိုးများ ထိခိုက်လာနိုင်ကြောင်းနှင့် တောင်သူများအနေဖြင့် တောင်ယာမီးနှင့် တောမီးများရှို့ခြင်းကို မပြုလုပ်ကြရန် ဟောပြောပြီး ကျိုင်းတုံမြို့နယ်သစ်တောဦးစီးဌာနမှူးရုံးမှ ဦးစီးအရာရှိ ဦးစွမ်းထက်နိုင်က မီးခိုးမြူငွေ့ဖြစ်ပေါ်မှု၊ မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်း၍ ဖြစ်ပွားစေနိုင်သော ဆိုးကျိုးများနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေး လုပ်ငန်းများအကြောင်း ပညာပေးဟောပြောကာ တောင်သူများအား မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဓါတ်ပုံ)

မြို့နယ်(ပြန်/ဆက်)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## လျှပ်စစ်ဝါယာကြိုး အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွား

**မြင်းခြံ မတ် ၃၁**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ အမှတ်(၆)ရပ်ကွက်၌ မတ် ၂၈ ရက် နံနက် ၂နာရီ ၁၀ မိနစ်က လျှပ်စစ်ဝါယာကြိုး အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။ (ယာပုံ)



ဖြစ်စဉ်မှာ မြင်းခြံမြို့၊ အမှတ်(၆)ရပ်ကွက်ရှိ ဒေါ်ယဉ်ယဉ်နု ဆိုသူ ပိုင်ဆိုင်သော (၂၄ ပေ× ၂၄ ပေ)သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း နှစ်ထပ်လူနေအိမ်သို့ လျှပ်စစ်ဓာတ်အားပေးဓာတ်တိုင်မှ မီတာပုံးသို့ သွယ်တန်းထားသော လျှပ်စစ်ဝါယာကြိုး အပူလွန်ကဲရာမှ အနီးရှိ ထရံသို့ ကူးစက်လောင်ကျွမ်းခဲ့ရာ လူနေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ ခရိုင်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးငြိမ်းသတ်ယာဉ်များ၊ ရေသယ်ယာဉ်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်းအဖွဲ့များက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြသည်။ အဆိုပါ မီးလောင်မှုကြောင့် မြင်းခြံမြို့၊ အမှတ်(၆)ရပ်ကွက်ရှိ ဒေါ်ယဉ်ယဉ်နု ဆိုသူအား မြင်းခြံမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အပေါ်ဓါတ်ပုံ)

ချစ်ဦးနွေ(မြင်းခြံ)

## ဘားကပ်ကျေးရွာ၌ နေအိမ်မီးလောင်မှုဖြစ်ပွား

**ဘားအံ မတ် ၃၁**

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ဘားကပ်ကျေးရွာ၌ ပိုင်ရှင် ဦးအောင်နိုင်ဦး(၄၇)နှစ် ဆိုသူ၏ ၁၅×၆၀ ပေ၊ သွပ်မိုး၊ အုတ်ညှပ် နှစ်ထပ်နေအိမ်အပေါ်ထပ်ရှိ မီးပလတ်ခုံအပူလွန်ကဲရာမှတစ်ဆင့်အနီးရှိ သစ်သားတိုင်သို့ မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ကရင်ပြည်နယ်မီးသတ်ဦးစီးမှူးရုံးနှင့် ဘားအံခရိုင်၊ မြို့နယ်မီးသတ်စခန်းများမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ်ခြောက်စီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ ည ၁၂ နာရီခွဲတွင် မီးငြိမ်းခဲ့သည်။



အဆိုပါမီးလောင်မှုကြောင့် ၁၅×၆၀ ပေ၊ သွပ်မိုး၊ အုတ်ညှပ် နှစ်ထပ်နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် ဦးအောင်နိုင်ဦးဆိုသူအား ဘားအံမြို့နယ်၊ မြိုင်ကလေးနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ဓါတ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀-၀-၀



## ဆိုင်ကယ်နှစ်စီးမျက်နှာချင်းဆိုင် တိုက်မိခဲ့မှုကြောင့် အမျိုးသားတစ်ဦးနှင့် ကလေးတစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိ

**ရမည်းသင်း မတ် ၃၁**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်တွင် ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင် တိုက်မိခဲ့မှုကြောင့် အမျိုးသားတစ်ဦးနှင့် ကလေးတစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ မတ် ၂၆ ရက် နံနက် ၈ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ ရမည်းသင်း-ရွာတန်းသွားလမ်း နွားပွဲဈေးရှေ့၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၉၇)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ရမည်းသင်း-ရွာတန်းသွားလမ်းအတိုင်း အရှေ့မှအနောက်သို့ ပျော်ဘွယ်မြို့နယ်၊ မကျီးပင်ကျေးရွာနေ ဦးနေအောင်(၃၅)နှစ်ဆိုသူမောင်းနှင်လာသည့် 49W,-----DAYANG 110 ဆိုင်ကယ်သည် အခင်းဖြစ်နေရာအရောက်၌ လမ်းဝဲဘက်သို့ ချိုးကွေ့ခဲ့ရာ မျက်နှာချင်းဆိုင်မှ ရမည်းသင်းမြို့နယ်၊ ရွှေဒါးသာစည်ကျေးရွာနေ ဒေါ်သူဇာဝင်း(၃၇)နှစ်ဆိုသူ မောင်းနှင်ပြီး မကြယ်စင်သွန်းခ(၉)နှစ်တို့ လိုက်ပါလာသည့် HONDA WAVE 100 ဆိုင်ကယ်အား ဝင်ရောက်တိုက်မိခဲ့သဖြင့် ဦးနေအောင်နှင့် မကြယ်စင်သွန်းခဆိုသူတို့တွင် ထိခိုက်ဒဏ်ရာများ အသီးသီးရရှိခဲ့သဖြင့် ဦးနေအောင်ဆိုသူအား ရမည်းသင်းမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသား တစ်ဦး သေဆုံး


**ညောင်ရွှေ မတ် ၃၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ မတ် ၂၆ ရက် ည ၁၁ နာရီ ၁၅ မိနစ်တွင် ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်၊ ခေါင်တိုင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှေ့ လမ်းကွေ့၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၁၁၇)ယာဉ်ထိန်းရဲတပ်ဖွဲ့စိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ခေါင်တိုင်ကျေးရွာလမ်းအတိုင်း ညောင်ရွှေမြို့နယ်၊ လေ့ဆိပ်ကျေးရွာနေ ဦးကျော်လှ(၅၁)နှစ် ဆိုသူ မောင်းနှင်လာသည့် LUOJIA 110 ဆိုင်ကယ်သည် အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ မျက်နှာချင်းဆိုင်မှ သဲကုန်းကျေးရွာနေ ဦးအောင်ကျော်ဖြိုး(၃၉)နှစ်ဆိုသူ မောင်းနှင်လာသည့် MITSUBISHI CANTER ခြောက်ဘီးမော်တော်ယာဉ်အား ဝင်ရောက်တိုက်မိခဲ့သဖြင့် ဦးကျော်လှဆိုသူတွင် ထိခိုက်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့သောကြောင့် ညောင်ရွှေမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်းသိရသည်။(ယာပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)





တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ထားဝယ်-မြိတ် ဆက်သွယ်ရေးလမ်းကြောင်းရှိ ဝင်းဝတံတားအား ပြန်လည်ထိန်းချုပ်နိုင်မှုကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက ဝင်းဝတံတားနေရာတစ်ဝိုက်အား ပြန်လည်ထိန်းချုပ်ပြီး ထားဝယ်-မြိတ် ဆက်သွယ်ရေးလမ်းကြောင်း ပြန်လည်ဖွင့်လှစ်စဉ်။

☆ စာမျက်နှာ ၂၄ မှ

ထို့နောက် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် တံတားနေရာတစ်ဝိုက်အား ပြန်လည်ထိန်းချုပ်နိုင်ရေးလိုအပ်သည့် လုံခြုံရေးလုပ်ငန်းစဉ်များ အဆင့်ဆင့်ဆောင်ရွက်ခဲ့ရာ မတ် ၂၈ ရက်တွင် စီတောကျေးရွာအားလည်းကောင်း၊ မတ် ၂၉ ရက်တွင် ရေချိုချောင်းကျေးရွာအားလည်းကောင်း၊ မတ် ၃၀ ရက်တွင် ပွိုင့်-၁၆၈ တောင်ကုန်းနှင့် ချောင်းဝပြင်ကျေးရွာအားလည်းကောင်း အဆင့်ဆင့်ပြန်လည်ထိန်းချုပ်ခဲ့ပြီး ယနေ့တွင် ဝင်းဝရဲစခန်းဟောင်းနေရာနှင့် ဝင်းဝတံတားနေရာတစ်ဝိုက်တို့အား တပ်မတော်စစ်ကြောင်းများက အပြည့်အဝ ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သဖြင့် ထားဝယ်-မြိတ်သွားကားလမ်းတွင် ခရီးသွားပြည်သူများနှင့် မော်တော်ယာဉ်များ ပုံမှန်အတိုင်း ပြန်လည်သွားလာနိုင်ပြီဖြစ်သည်။

ယခုကဲ့သို့ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဝင်းဝတံတားအား တပ်မတော်စစ်ကြောင်းများက အပြည့်အဝပြန်လည်ထိန်းချုပ်ပြီး ထားဝယ်-မြိတ်သွား ဆက်သွယ်ရေးလမ်းကြောင်းအား ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ဒေသတွင်း ကုန်စည်စီးဆင်းမှုများ ပုံမှန်အတိုင်း ပြန်လည်ဆောင်ရွက်နိုင်တော့မည်ဖြစ်သည့်အတွက် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် တပ်မတော်အပေါ် များစွာ ကျေးဇူးတင်ပျော်ရွှင်ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရမိသည့် မိုင်းများနှင့် ဆက်စပ်ပစ္စည်းများအား တွေ့ရစဉ်။

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့်
# PDF အဖွဲ့ဝင် အမျိုးသားခြောက်ဦးနှင့် အမျိုးသမီးတစ်ဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်

နေပြည်တော် မတ် ၃၁

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့်အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဖိတ်ခေါ်၍ ပြန်လည် ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အဖွဲ့ဝင် အမျိုးသားခြောက်ဦး၊ အမျိုးသမီးတစ်ဦး စုစုပေါင်း ခုနစ်ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြပြီး တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ ကျင်းပပြုလုပ်သည်။



ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသည့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့မှ နှစ်ဦး၊ တနင်္သာရီမြို့မှ နှစ်ဦး၊ ဘုတ်ပြင်းမြို့မှ တစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့မှ တစ်ဦး၊ အင်္ဂပူမြို့မှ တစ်ဦးတို့အား တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးတို့က ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား အသိပညာပေး အမှာစကားပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူပါရှိလာသည့် HK-33 သေနတ်တစ်လက်၊ M-16 သေနတ်တစ်လက်၊ ကျည်အိမ်ငါးခု၊ ၅ ဒသမ ၅၆ ကျည် ၁၈၈ တောင့်၊ MG-1 လက်ပစ်ဗုံးတစ်လုံးနှင့် ကျည်ကာအင်္ကျီတစ်ထည်တို့အား လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။

ယင်းနောက် တိုင်းမှူးက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအတွက် သေနတ်တစ်လက်လျှင် ဆုကြေးငွေကျပ်သိန်း ၅၀ နှုန်းဖြင့် သေနတ်နှစ်လက်အတွက် ကျပ်သိန်း ၁၀၀၊ လက်ပစ်ဗုံး တစ်လုံးအတွက် ဆုကြေးငွေ သုံးသိန်းကျပ်နှင့် လက်နက်မဲ့ အလင်းဝင်ရောက်လာသူငါးဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် ငွေကျပ်သိန်း ၅၀ စုစုပေါင်းချီးမြှင့်ငွေကျပ် ၁၅၃ သိန်းနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ခံဝန်ကတိ လက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခဲ့ရာ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများကိုယ်စား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြသည့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ အဖွဲ့ဝင်များသည် မိသားစုဝင် ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်လုပ်ဆောင်နေမှုများကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစား ဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်ခြင်းမရှိတော့ဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာ နေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည် ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

PDF ထဲဝင်ရောက်တဲ့ခုနှစ်ကတော့ ၂၀၂၅ ခုနှစ် စက်တင်ဘာလ ဖြစ်ပါတယ်။ တောထဲရောက်တဲ့ အတွေ့အကြုံကတော့ အိမ်မှာ နေရသလိုမနေရဘူး။ အိပ်ကောင်းခြင်းလည်း မအိပ်ရဘူး။ စားကောင်းခြင်းလည်း မစားရဘူး။ အဲဒီထဲကို ရောက်တဲ့အချိန်မှာ ထင်ထားတာနဲ့ တခြားစီဖြစ်နေတယ်။ နေရတာလည်း သိပ်အဆင်မပြေဘူး။ စိတ်တွေမွန်းကျပ်



တယ်။ စိတ်ဆင်းရဲဒဏ်ကိုလည်း ခံရတာပေါ့။ ခဏခဏလည်း ငိုရတယ်။ အိမ်ကိုလွမ်းလို့။ ထွက်ပြေးဖို့အကြိမ်ကြိမ် ကြိုးစားခဲ့တယ်။ သုံးကြိမ်ကြိုးစားခဲ့တယ်။ နှစ်ကြိမ်က မအောင်မြင်ခဲ့ဘူး။ တစ်ကြိမ်တော့လွတ်လာခဲ့တယ်။ အခုလို ဥပဒေဘောင်အတွင်းသို့ အလင်းဝင်လာတဲ့သူတွေကို အခုလို အစားအသောက်တွေ ကျွေးမွေးပေးတဲ့အပြင် ထောက်ပံ့ငွေပေးပြီး နွေးနွေးထွေးထွေး ကြိုဆိုတဲ့အတွက် နိုင်ငံတော်နဲ့ တပ်မတော်အကြီးအကဲတွေကို ကျေးဇူးတင်ရှိပါတယ်ရှင်။ တောထဲကျန်ခဲ့တဲ့ PDF လူငယ်တွေကိုလည်း ဥပဒေဘောင်အတွင်းသို့ အမြန်ဆုံး အလင်းဝင်ကြဖို့ တိုက်တွန်းပြောချင်ပါတယ်ရှင်။




## ဂျာမနီအသင်းက ဂါနာအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ



**မြူးနစ် မတ် ၃၁**

နိုင်ငံတကာခြေစမ်းပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ဂျာမနီအသင်းနှင့် ဂါနာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂျာမနီအသင်းက ဂါနာအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဂျာမနီအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် (၄၅+၃) မိနစ်တွင် ဟာဗက်ဇ်၊ ပွဲချိန် ၈၈မိနစ်တွင် ဒင်းနစ်ဇ်က သွင်းယူပေးခဲ့ကြသည်။

ဂျာမနီအသင်းသည် နိုင်ငံတကာခြေစမ်းပွဲစဉ်အဖြစ် လာမည့် ဖွန် ၁ရက်တွင် ဖင်လန်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ (ဝဲပုံ)

(NGB)

## နည်းပြ ဒီဖိုးကို နည်းပြသစ်အဖြစ် Woking ခန့်အပ်

**လန်ဒန် မတ် ၃၁**

အင်္ဂလန်ပဥ္စမတန်းကလပ် Woking အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ဒီဖိုးကို ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် ရိန်းဂျားစ်အသင်းကို ယာယီနည်းပြအဖြစ် ဆောင်ရွက်ခဲ့ဖူးသလို စပါးယူ-၁၈အသင်းကို ကိုင်တွယ်ခဲ့ဖူးပြီး အတွေ့အကြုံရှိသူတစ်ဦးဖြစ်ခြင်းကြောင့် Woking အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက်(၄၃)နှစ်အရွယ်ရှိ နည်းပြ ဒီဖိုးက "ကျွန်တော် အခုလို Woking အသင်းရဲ့ နည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကျွန်တော့်ကို ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ Woking အသင်း အောင်မြင်ဖို့ အစွမ်းကုန်ပေးဆပ်ကြိုးစားသွားမှာပါ" ဟု ပြောသည်။**(အောက်ပုံ)** (NGB)



## မာတင်ဆာထရီယာနီအား ဂီတာဖေးအသင်း အပြီးသတ်ခေါ်ယူ



**မက်ဒရစ် မတ် ၃၁**

ဂီတာဖေးအသင်းသည် လိုင်ယွန်အသင်းမှ အငှားဖြင့် ခေါ်ယူထားသည့် တိုက်စစ်မှူး မာတင်ဆာထရီယာနီအား အပြီးသတ်ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ဂီတာဖေးအသင်းနှင့်အတူ ၂၀၃၀ ပြည့်နှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

တိုက်စစ်မှူး မာတင်ဆာထရီယာနီသည် လိုင်ယွန်အသင်းမှ ဂီတာဖေးအသင်းသို့ ယခုနှစ် ဆောင်းရာသီဈေးကွက်မှ အငှားလာရောက်ကစားပြီး ပြိုင်ပွဲစုံ ၁၀ပွဲကစားကာ သုံးဂိုးသွင်းယူ၍ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဂီတာဖေးအသင်းက အပြီးသတ်ခေါ်ယူခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

အသက်(၂၅)နှစ်အရွယ်ရှိ မာတင်ဆာထရီယာနီက "ကျွန်တော် အခုလို ဂီတာဖေးအသင်းကို အပြီးသတ်ပြောင်းရွှေ့ရောက်ရှိခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ ဆုဖလားတွေလည်း ရယူသွားလိုပါတယ်" ဟု ပြောသည်။**(NGB)**

## အယ်လ်ဗာရက်ဇ်အား လုပ်ခလစာတိုးမြှင့်၍ စာချုပ်သက်တမ်းတိုးရန် အက်သလက်တီကိုမက်ဒရစ်အသင်း စီစဉ်

**မက်ဒရစ် မတ် ၃၁**

အက်သလက်တီကိုမက်ဒရစ်အသင်းသည် အသင်းတိုက်စစ်မှူး အယ်လ်ဗာရက်ဇ်အား လုပ်ခလစာတိုးမြှင့်၍ စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။

အသက်(၂၆)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။



တိုက်စစ်မှူး အယ်လ်ဗာရက်ဇ်သည် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၁ပွဲကစားပြီး ၄၆ဂိုးအထိ သွင်းယူထားသည်။

အက်သလက်တီကိုမက်ဒရစ်အသင်း၏ထုတ်ပြန်ချက်တွင် "အယ်လ်ဗာရက်ဇ်ကို လုပ်ခလစာတိုးမြှင့်ပြီး စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ" ဟု ထုတ်ပြန်သည်။

(ဝဲပုံ) (NGB)

## လူးဝစ်ဆွာရက်ဇ်အား ခေါ်ယူရန် လီဗာပူးအသင်းနှင့် နယူးကာဆယ်အသင်းတို့ အပြိုင်စိတ်ဝင်စား



**လန်ဒန် မတ် ၃၁**

ပရီးမီးယားလိဂ်ကလပ်အသင်းများဖြစ်သည့် လီဗာပူးအသင်းနှင့် နယူးကာဆယ်အသင်းတို့သည် စပို့တင်းလစ္စဘွန်းအသင်း တိုက်စစ်မှူး လူးဝစ်ဆွာရက်ဇ်အား ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၈)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် စပို့တင်းလစ္စဘွန်းအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၄၂ပွဲကစားပြီး ၃၃ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပရီးမီးယားလိဂ်ကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

စပို့တင်းလစ္စဘွန်းအသင်းကလည်း လူးဝစ်ဆွာရက်ဇ်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် လီဗာပူးအသင်းနှင့် နယူးကာဆယ် အသင်းတို့ အနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် စပို့တင်းလစ္စဘွန်းအသင်းထံမှ လူးဝစ်ဆွာရက်ဇ်အား မည်သည့်အသင်းက ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။ **(အပေါ်ဝဲပုံ) (NGB)**

## ဝက်စ်လီဖရန်ဆာ ပေါင်ခြံဒဏ်ရာကြောင့် တစ်လခန့်အနားယူရဖွယ်ရှိ

**တူရင် မတ် ၃၁**

ရိုးမားအသင်းနှင့် ဘရာဇီးလက်ရွေးစင်အသင်း နောက်ခံကစားသမား ဝက်စ်လီဖရန်ဆာသည် ပေါင်ခြံဒဏ်ရာကြောင့် တစ်လခန့် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ နောက်ခံကစားသမားသည် နိုင်ငံ့လက်ရွေးစင်အသင်းဖြစ်သည့် ဘရာဇီးလက်ရွေးစင်အသင်းအတွက် ပါဝင်ကစားရင်း ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား ဝက်စ်လီဖရန်ဆာ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဘရာဇီးလက်ရွေးစင်အသင်းအတွက်သာမက ကလပ်အသင်းဖြစ်သည့် ရိုးမားအသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။



အသက်(၂၂)နှစ်အရွယ်ရှိ ဝက်စ်လီဖရန်ဆာသည် ရိုးမားအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင်ပြိုင်ပွဲစုံ ၃၅ပွဲကစားပြီး လေးဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။ **(အပေါ်ပုံ)**

**(NGB)**

## နာပိုလီအသင်းတွင်သာ ဆက်ရှိသွားမည် တိုမီနေး ပြောကြား

**တူရင် မတ် ၃၁**

နာပိုလီအသင်း ကွင်းလယ်ကစားသမား တိုမီနေးက မိမိအနေဖြင့် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ပြီး အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများအပြင် ဆော်ဒီကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

ကွင်းလယ်ကစားသမား တိုမီနေးသည် နာပိုလီအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၂ပွဲကစားကာ ၂၄ဂိုး သွင်းယူပြီးခြေစွမ်းပြထားသည်။

အသက်(၂၉)နှစ်အရွယ်ရှိ တိုမီနေးက "ကျွန်တော် အသင်းမှာပဲ ဆက်ရှိသွားမှာပါ။ ဒီအသင်းမှာ ပျော်ရွှင်နေတာပါ။ ဒီအသင်းဟာ ကျွန်တော့်အတွက်တော့ ကြီးကျယ်ခမ်းနားတဲ့အသင်းတစ်သင်းပါ။ ကစားသမားဘဝကိုလည်း ဒီမှာပဲ ကုန်ဆုံးသွားလိုပါတယ်" ဟု ပြောသည်။**(အပေါ်ပုံ)**



**(NGB)**

## ဘောလုံးသတင်း အတိုအထွာများ

* နောက်ခံကစားသမား မက်ဂွိုင်းယားသည် မန်ယူအသင်းနှင့် စာချုပ်သက်တမ်းတိုးရန် နီးစပ်နေပြီဖြစ်သည်။

* ၂၀၂၇ခုနှစ်တွင် ကျင်းပမည့် အာဖရိကနိုင်ငံများဖလားပြိုင်ပွဲကို အသင်း (၂၈)သင်း ပါဝင်သည့် ပြိုင်ပွဲအဖြစ် တိုးချဲ့ကျင်းပသွားမည်ဖြစ်သည်။ **(NGB)**

## 2026 Rolex Monte-Carlo Masters တင်းနစ်ပြိုင်ပွဲ ဧပြီ ၅ရက်တွင် စတင်မည်

**မိုနာကို မတ် ၃၁**

ပြင်သစ်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Rolex Monte-Carlo Masters တင်းနစ်ပြိုင်ပွဲကို လာမည့် ဧပြီ ၅ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2026 Rolex Monte-Carlo Masters တင်းနစ်ပြိုင်ပွဲကို ဧပြီ ၅ရက်မှ ၁၃ရက်အထိ ၉ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2026 Rolex Monte-Carlo Masters တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်ကစားသမားများစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Rolex Monte-Carlo Masters တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ စပိန်တင်းနစ်ကစားသမား Carlos Alcaraz ဖြစ်သည်။ **(ယာပုံ)**

**(NGB)**



# အဆင့်မြင့်မုန့်လုပ်ငန်း နည်းပညာ ပညာဒါနသင်တန်းဆင်း

**မန္တလေး မတ် ၃၁**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှကြီးမှူး၍ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း HR ကော်မတီမှ ဦးစီးကျင်းပသော အဆင့်မြင့်မုန့်လုပ်ငန်းပညာ ပညာဒါနသင်တန်းဆင်းပွဲကို မတ် ၂၉ ရက် နံနက် ၁၀ နာရီက ချမ်းအေးသာစံမြို့နယ်၊ ၇၈လမ်းနှင့် ၃၄လမ်းထောင့် ရတနာပုံစူပါစင်တာ စတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းခန်းမတွင် ကျင်းပသည်။



အဆိုပါ သင်တန်းဆင်းပွဲတွင် မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်နှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်မြင့်မြင့်သန်းတို့က သင်တန်းဆင်းအမှာစကားပြောကြားကြပြီး မန္တလေးတိုင်းဒေသကြီး မုန့်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်ကျော်လင်းက မှတ်ချက်စကားပြောကြားကာ သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းဆရာများအား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။ **(ဓါတ်ပုံ)**

ထို့နောက် သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြား၍ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

(၀၄၅)

*-*-*-*-*

# ရတနာပုံတက္ကသိုလ်၌ ကျွမ်းကျင်မှုအတတ်ပညာသင်တန်း (Job-Ready Skill) အပတ်စဉ်(၁) သင်တန်းဆင်းပွဲ ကျင်းပ



**မန္တလေး မတ် ၃၁**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန ရတနာပုံတက္ကသိုလ်တွင် တက္ကသိုလ်ဝင်ခွင့် အခြေခံပညာအထက်တန်းစာမေးပွဲ ဖြေဆိုဖူးသူ(သို့မဟုတ်) အခြေခံပညာအထက်တန်းအဆင့်ပြီးမြောက်ခြင်း အောင်လက်မှတ်ရရှိပြီးသူများအတွက် သက်မွေးလုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရန်နှင့် လက်တွေ့အတတ်ပညာရပ်များ တတ်ကျွမ်းပြည့်ဝစေရန် ရည်ရွယ်ချက်တို့ဖြင့် ဖွင့်လှစ်ပို့ချခဲ့သည့် ကျွမ်းကျင်မှုအတတ်ပညာသင်တန်း(Job- Ready Skill) အပတ်စဉ်(၁) သင်တန်းဆင်းပွဲကို မတ် ၃၀ ရက် မွန်းလွဲ ၁ နာရီက အဆိုပါ တက္ကသိုလ်ရှိ အားကစားခန်းမ (၂)၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခ(ဌာနမှူးများ)၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပါမောက္ခချုပ်က သင်တန်းဆင်းအမှာစကားနှင့် ဂုဏ်ပြုဝမ်းမြောက်စကားပြောကြားပြီး သင်တန်းသား ၄၇ ဦးအား သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။ ထို့နောက် သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ သင်တန်းကို အပတ်စဉ် စနေနေ့နှင့် တနင်္ဂနွေနေ့များတွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၀ ရက်မှ မတ် ၂၈ ရက်အထိ သုံးလသင်တန်းအဖြစ် သင်ကြားပို့ချခဲ့ကြောင်းနှင့် ပေးအပ်ချီးမြှင့်ခဲ့သည့် သင်တန်းဆင်းလက်မှတ်များသည် ပညာရေးဝန်ကြီးဌာနအသိအမှတ်ပြု Certificate in Cosmetic Technology, Certificate of Preparation of Soap Products, Certificate of Proficiency in Basic Electronics, Certificate of Applied Basic Petrology, Certificate of Natural fertilizer production and application, Certificate of Vermiculture and Vermicompost production သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(၀၈၂)

# လူငယ်များအကြား၌ ရွှေအစားထိုး လက်ဝတ်ရတနာဝတ်ဆင်မှုများလာ

**မန္တလေး မတ် ၃၁**

ယနေ့ခေတ် လူငယ်များအကြား၌ ပွဲလမ်းသဘင်များနှင့် အလှူမင်္ဂလာဆောင်များတွင် ရွှေအစားထိုး လက်ဝတ်ရတနာများကို ဝတ်ဆင်အသုံးပြုမှု ပိုမိုမြင့်တက်လာသည်။

ယခင်က ရွှေလက်ဝတ်ရတနာများကိုသာ အဓိကထား ဝတ်ဆင်လေ့ရှိခဲ့သော်လည်း လက်ရှိတွင် ဒီဇိုင်းလှပပြီး ခေတ်မီသည့် အစားထိုး လက်ဝတ်ရတနာများ ပေါ်ပေါက်လာခြင်းကြောင့် လူငယ်များအကြား ရွေးချယ်မှုများ ပြောင်းလဲလာသည်။

ထို့ပြင် အစားထိုးလက်ဝတ်ရတနာများကို ဒီဇိုင်းမျိုးစုံဖြင့် ထုတ်လုပ်ရောင်းချနေကြပြီး ဖက်ရှင်နှင့်ကိုက်ညီသည့် ပုံစံများကိုလည်း အလွယ်တကူရရှိနိုင်ခြင်းကြောင့် ဝယ်ယူသူများ ပိုမိုစိတ်ဝင်စားလာသည်။

မန္တလေးမြို့ရှိ လက်ဝတ်ရတနာရောင်းချသူတစ်ဦးက "အခုခေတ်လူငယ်တွေက ဈေးနှုန်းသက်သာပြီး ဒီဇိုင်းလှပတဲ့ အစားထိုး လက်ဝတ်ရတနာတွေကို ပိုရွေးချယ်လာကြပါတယ်။ ပွဲတက်ရာမှာလည်း အဆင်ပြေပြီး စိတ်ချရတဲ့အတွက် ဝယ်ယူသူတွေ တိုးလာနေပါတယ်"ဟု ပြောကြားသည်။ **(အောက်ပုံ)**

ဈေးနှုန်းအရ ရွှေလက်ဝတ်ရတနာများနှင့် နှိုင်းယှဉ်ပါက သက်သာမှုရှိခြင်း၊ အသုံးပြုရာတွင် လုံခြုံမှုနှင့် အလွယ်တကူထိန်းသိမ်းနိုင်ခြင်းတို့ကြောင့်လည်း အစားထိုးလက်ဝတ်ရတနာများကို ရွေးချယ်ဝတ်ဆင်မှုမြင့်တက်လာသည်။

အဆိုပါ အခြေအနေများကြောင့် အစားထိုးလက်ဝတ်ရတနာဈေးကွက်သည်လည်း တဖြည်းဖြည်းကြီးထွားလာနေပြီး လုပ်ငန်းရှင်များအနေဖြင့်လည်း အရည်အသွေးကောင်းမွန်သော ထုတ်ကုန်များကို ပိုမိုတိုးချဲ့ထုတ်လုပ်လာကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-စ)**



သင့်အသက်အန္တရာယ်
ကာကွယ်ရန်အတွက်
ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းပြီး
မေးသိုင်းကြိုး သေချာစွာ တပ်ပါ။

# မိုင်းယောင်းမြို့၌ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မိုင်းယောင်း မတ် ၃၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်တွင် စက်သုံးဆီနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူထွေ့ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ခရိုင်ထွေ/အုပ်ရုံးခန်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝေမောင်က အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေနှင့် အဖွဲ့ဝင်များ၊ တက်ရောက်လာသည့် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာမှ တာဝန်ရှိသူများက ပြည်သူများ၏ လူမှုစီးပွားဘဝများ အဆင်ပြေချောမွေ့စေရန်အတွက် စက်သုံးဆီ အခြေအနေနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူထွေ့ဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်က အဆိုပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ မလိုလားအပ်သော ဘေးထွက်ဆိုးကျိုးများ မဖြစ်ပေါ်လာအောင် အလေးထားဆောင်ရွက်ကြရန် ဖြည့်စွက်ဆွေးနွေးပြီး ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**စိုင်းအောင်ဇော်လင်း**



# ကျောင်းသား၊ ကျောင်းသူများအား ပညာသင်စရိတ်ချီးမြှင့်


**တပ်ကုန်း မတ် ၃၁**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တပ်ကုန်းမြို့နယ် မြဝတီရပ်ကွက်၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင် အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များသို့ တက်ရောက်နေသည့် ကျောင်းသား၊ ကျောင်းသူများအား ပညာ သင်စရိတ်ငွေချီးမြှင့်ခြင်းကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါကျောင်း ပြည်သာနိုင်ခမ္မာရုံတွင် ကျင်းပခဲ့သည်။ **(ယာပုံ)**

ဦးစွာ တာဝန်ရှိသူများနှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များသို့ တက်ရောက်သင်ကြားမည့် ကျောင်းသား၊ ကျောင်းသူများအား ပညာသင်စရိတ်ချီးမြှင့်ငွေ ပေးအပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ပညာရေး ငွေပဒေသာပင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးစန်းလွင်နှင့်တာဝန်ရှိသူများက ဆေး၊ ဆေးဘက်ဆိုင်ရာ၊ သွားဘက်ဆိုင်ရာ၊ နည်းပညာ၊ ပညာရေး၊ စီးပွားရေးနှင့် စိုက်ပျိုးရေးတက္ကသိုလ်အသီးသီးသို့ တက်ရောက်နေသည့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၃ ဦးအား နှစ်ဝက်စာအတွက် ငွေကျပ် ၃၉ သိန်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**



## အစိုးရပါဠိပထမပြန်စာမေးပွဲ ကျင်းပ

**ဆီဆိုင် မတ် ၃၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်တွင် အစိုးရပါဠိပထမပြန်စာမေးပွဲကို ယမန်နေ့ မွန်းတည့် ၁၂ နာရီက မြကန်သာရပ်ကွက်ရှိ ဇဝနာရာမစာသင်ကျောင်းတိုက်၌ ကျင်းပသည်။

အစိုးရပါဠိပထမပြန်စာမေးပွဲကို ဆီဆိုင်မြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်များမှ စာရင်းပေးသွင်းထားသည့် စာဖြေသံဃာတော် စုစုပေါင်း ၈၆ ပါးအနက် ပထမလတ်တန်း သုံးပါး၊ပထမငယ်တန်း ၁၃ပါး၊ အခြေပြုမူလတန်း ၄၇ပါး၊ စုစုပေါင်း စာဖြေသံဃာတော် ၆၃ပါး ဖြေဆိုလျက်ရှိသည်။

အစိုးရပါဠိပထမပြန်စာမေးပွဲ ဝင်ရောက်ဖြေဆိုကြသည့် စာဖြေသံဃာတော်များအား စာမေးပွဲကြီးကြပ်ရေး ဆရာတော်များနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များကိုကူညီဆောင်ရွက်ပေး၍ စေတနာရှင်၊ အလှူရှင်များက ဆွမ်း၊ အအေးများ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး စာဖြေသံဃာတော်များအတွက် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ကျန်းမာရေးဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိသည်။ အဆိုပါ အစိုးရပါဠိပထမပြန်စာမေးပွဲကို မတ် ၂၉ ရက်မှ ဧပြီ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဓါတ်ပုံ)

(မန္တလေးနေ့စဉ်-၅)

## မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ပခုက္ကူ မတ် ၃၁**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၌ ၂၀၂၆ခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၃၀ ရက် နံနက် ၉နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြဇရာ(၁)ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပခုက္ကူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်က မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးနှင့် အောင်မြင်စွာကျင်းပနိုင်ရေး၊ ယိမ်းအဖွဲ့များ ကပြဖျော်ဖြေနိုင်ရေး၊ပွဲတော်ကာလအတွင်း သွားလာမှုအဆင်ပြေချောမွေ့စေရေးတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးက မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်နှင့် လမ်းလျှောက်သင်္ကြန်များ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး၊ စတုဒိသာကျွေးမွေးနိုင်ရေးစီစဉ်ထားရှိမှုအခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားရာ တက်ရောက်လာသည့် ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ဌာနဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ) (၃၄၀)



## မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်
## ကျုံးပတ်လည် လမ်းလျှောက်သင်္ကြန်နှင့် မြို့တွင်းသင်္ကြန် ရေကစားမဏ္ဍပ်များ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၆ ခုနှစ်တွင် ကျရောက်သော မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မန္တလေးနန်းမြို့ ကျုံးပတ်လည်နှင့် မန္တလေးမြို့တော်အတွင်း အောက်ပါအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီမံထားရှိပါသည် -

(က) ကျုံးတောင်ဘက်ခြမ်း ၂၆ လမ်း၊ ကျုံးအနောက်ဘက်ခြမ်း လမ်း ၈၀၊ ကျုံးအရှေ့ဘက်ခြမ်း ၆၆ လမ်းနှင့် ကျုံးမြောက်ဘက်ခြမ်း ၁၂ လမ်း ကျုံးပတ်လည်တွင် လမ်းလျှောက်သင်္ကြန်ကို ကျင်းပပြုလုပ်မည်ဖြစ်ပြီး ရေကစားမဏ္ဍပ်များ၊ ဖျော်ဖြေရေးမဏ္ဍပ်များ ဆောက်လုပ်၍ နိုင်ငံကျော် သရုပ်ဆောင်၊ အဆိုတော်များဖြင့် ဧည့်ခံဖျော်ဖြေကာ စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးသွားမည် ဖြစ်ပါသည်။

(ခ) ၇၃ လမ်းတစ်လျှောက် သဇင်လမ်းမှ ၄ရွှေဝါလမ်းအထိ မင်္ဂလာမန္တလေး လမ်းလျှောက်သင်္ကြန်၌ ရေကစားမဏ္ဍပ်ရှေ့တွင် လောင်းလှေများ၊ ကြယ်ပွင့်များ၊ ပန်းအလှခြင်းများ၊ ရောင်စုံထီးများ၊ မြန်မာ့ရိုးရာ သနပ်ခါး သင်္ကြန် အစီအစဉ်များဖြင့် အလှဆင်ဆောင်ရွက်မည့်အပြင် ရေကစားမဏ္ဍပ်အသေးများ ဆောက်လုပ်သွားမည်ဖြစ်ပြီး နိုင်ငံကျော် သရုပ်ဆောင်၊ အဆိုတော်များဖြင့် ဧည့်ခံဖျော်ဖြေ၍ စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးသွားမည် ဖြစ်ပါသည်။

(ဂ) မန္တလေးမြို့တော်အတွင်းနှင့် ကျုံးပတ်လည်နေရာများတွင် ရေကစားမဏ္ဍပ် ဆောက်လုပ်၍ ရေပက်ကစားလိုပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသို့ လျှောက်ထားနိုင်ပါသည်။

(ဃ) ကျုံးပတ်လည် လမ်းလျှောက်သင်္ကြန်နေရာများတွင် မော်တော်ကားနှင့် မော်တော်ဆိုင်ကယ်များဖြင့် ဝင်ရောက်ခြင်း လုံးဝခွင့်မပြုပါ။

၂။ သို့ဖြစ်ပါ၍ မန္တလေးမြို့ပေါ် (၆)မြို့နယ်ရှိ လမ်းမကြီးများနှင့် မန္တလေး နန်းမြို့ ကျုံးပတ်လည်တွင် ရေကစားမဏ္ဍပ်များ၊ ဖျော်ဖြေရေးမဏ္ဍပ်များနှင့် စတုဒိသာမဏ္ဍပ်များ ဆောက်လုပ်၍ မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ရေကစားလိုသူများအနေဖြင့် ရေကစားရန်နေရာများကို **"မည်သည့်အခွန်အခများ ပေးသွင်းရန် မလိုဘဲ"** ဦးရာလူစနစ်ဖြင့် ပုဂ္ဂလိကသင်္ကြန်မဏ္ဍပ်များ ပြင်ဆင်ရေးနှင့် ဖျော်ဖြေရေးလုပ်ငန်းများ စနစ်တကျရှိစေရေး လုပ်ငန်းကော်မတီ၊ ဖုန်းနံပါတ် ၀၉-၂၆၂၂၉၁၃၇၄၊ ၀၉-၂၅၆၃၇၈၆၅၄ တို့ထံသို့ **(၉-၄-၂၀၂၆)**ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

**မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပရေးဗဟိုကော်မတီ။**

ပူနွေးကမ္ဘာ
တားဆီးရာ
ဖြေရှာတစ်ခု
တောပြုစု။

## ပဲစင်းငုံဈေး ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းကျဆင်း

**မန္တလေး မတ် ၃၁**

မတ်ပဲကဲ့သို့ပင် အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့နေသည့် ပဲစင်းငုံသည် ယခုရက်သတ္တပတ်အတွင်း ပြည်ပဈေးကွက်တွင်သာမက ပြည်တွင်းဈေးကွက်တွင်ပါ ဈေးကျဆင်းနေကြောင်း မတ်ပဲတင်ပို့ ရောင်းချသူများထံက သိရသည်။

ဈေးနှုန်းကျဆင်းမှုများသည် ပြည်ပဝယ်လိုအားနည်းလာခြင်းနှင့် နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်မှု တိုးမြင့်လာခြင်းတို့ကြောင့်ဖြစ်ကြောင်း ဈေးကွက်တွင် ရောင်းချသူများမှ သုံးသပ်ကြသည်။

အထူးသဖြင့် အိန္ဒိယဈေးကွက်တွင် အာဖရိကနိုင်ငံများမှ ပဲစင်းငုံများနှင့် ယှဉ်ပြိုင်ရမှုများကြောင့် မြန်မာပဲစင်းငုံ CNF (Cost and Freight- ကုန်တန်ဖိုးနှင့် ပို့ဆောင်ခပါဝင်ပြီး အာမခံမပါဝင်သော ဈေးနှုန်းသတ်မှတ်ပုံ) ဈေးနှုန်းသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀ ဝန်းကျင် ကျဆင်းသွားခဲ့သည်။

လက်ရှိဈေးနှုန်းအရ အိန္ဒိယဈေးကွက်တွင် မြန်မာပဲစင်းငုံ (အဟောင်း)CNF တစ်တန်ဈေးမှာ ဒေါ်လာ ၈၆၀ မှ ၈၂၀ သို့လည်းကောင်း၊ ပဲစင်းငုံ(အသစ်) တစ်တန်ဈေးမှာ ဒေါ်လာ ၈၈၀ မှ ၈၃၅ သို့လည်းကောင်း လျော့ကျသွားကြောင်း သိရသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်တွင်လည်း ပဲစင်းငုံ(နီ)အဟောင်း FOB(Free on Board - ဆိပ်ကမ်းတွင် သင်္ဘောပေါ်တင်ပြီးမှ ဝယ်သူတာဝန်ယူသော ဈေးနှုန်းစနစ်)ဈေးသည် တစ်တန်လျှင် ဒေါ်လာ ၃၀ ခန့် ကျဆင်းခဲ့ပြီး ပဲစင်းငုံ(နီ)အသစ်၏ ပြည်တွင်းတန်ဖိုးမှာလည်း တစ်တန်ငွေကျပ် ၃,၀၈၆,၀၀၀ မှ ၃,၀၀၅,၀၀၀ သို့ လျော့ကျသွားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၈)

## သူနာပြုဒီပလိုမာသင်တန်းကျောင်း(မန္တလေး)မှ သင်တန်းသား၊ သင်တန်းသူများ မိသားစုကျန်းမာရေး ကွင်းဆင်းကြည့်ရှု

**မန္တလေး မတ် ၃၁**

ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်းကို မြှင့်တင်ရန်နှင့် မိသားစုကျန်းမာရေး အသိပညာပေးရန်ရည်ရွယ်၍ သူနာပြုဒီပလိုမာသင်တန်းကျောင်း (မန္တလေး)မှ ဒုတိယနှစ်သင်တန်းသား၊သင်တန်းသူများ မိသားစုကျန်းမာရေး (Family Nursing) ကွင်းဆင်းစစ်ဆေးခြင်းကို မတ် ၃၀ရက် နံနက်ပိုင်းက မန္တလေး၊ ချမ်းမြသာစည်မြို့နယ်အတွင်းရှိ ရပ်ကွက်များတွင် ကြည့်ရှုခဲ့သည်။

ဦးစွာ ကွင်းဆင်းစစ်ဆေးမှု ဆောင်ရွက်ရာတွင် သူနာပြုဒီပလိုမာသင်တန်းသား၊သင်တန်းသူများသည် အဖွဲ့လေးဖွဲ့ခွဲ၍ အိမ်တိုင်ရာရောက် သွားရောက်ပြီး သွေးတိုး၊ ဆီးချိုနှင့် ကိုယ်အလေးချိန် တိုင်းတာပေးခြင်း၊ အိမ်ထောင်စုတစ်ခုချင်းစီ၏ နေထိုင်စားသောက်မှုပုံစံ၊နာတာရှည်ရောဂါရှိသူများနှင့် ကလေးငယ်များ၏ ကာကွယ်ဆေးထိုးနှံမှုအခြေအနေများကို မေးမြန်းမှတ်တမ်းတင်ခြင်း၊ရာသီပေါ်ကူးစက်ရောဂါများ ကာကွယ်ရေးအသိပညာပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးငယ်များ စနစ်တကျပြုစုစောင့်ရှောက်နည်းများ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး အရေးကြီးပုံ စသည့် ကျန်းမာရေးအသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါရပ်ကွက်နေပြည်သူများအတွက် ကျန်းမာရေးကွင်းဆင်းစစ်ဆေးပေးခြင်း အစီအစဉ်များကို သက်ဆိုင်ရာ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုအတိုင်း ဆရာ၊ဆရာမများ၏ ကြီးကြပ်မှုတို့ဖြင့် စနစ်တကျ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**အလင်းသစ်(ပြန်/ဆက်)**

*-*-*-*-*






## ခြောက်သွေ့တဲ့အသားအရေအတွက် ကယ်တင်ရှင်

ညဘက်အိပ်စက်ချိန်မှာ လိမ်းထားတဲ့ Skincare တွေရဲ့ အာနိသင်နဲ့ အစိုဓာတ်တွေ လေထဲလွင့်စဉ်မသွားအောင် ပိတ်လှောင်ထားတဲ့ "Slugging" နည်းလမ်းဟာ Social media မှာ အတော်လေး ရေပန်းစားနေပါတယ်။

Slugging ဆိုတာက ညဘက် Skincare အဆင့်ဆင့်လုပ်ပြီးသွားတဲ့အခါ နောက်ဆုံးအဆင့်အနေနဲ့ Vaseline (သို့မဟုတ်) Petroleum Jelly ကို မျက်နှာအနှံ့ ပါးပါးလေး အုပ်လိမ်းလိုက်တဲ့ နည်းလမ်းပါ။ သူက အသားအရေပေါ်မှာ အကာအကွယ်လွှာတစ်ခုလို ဖြစ်သွားစေပါတယ်။




ညဘက်အိပ်စက်ချိန်မှာ အရေပြားက ရေဓာတ်ဆုံးရှုံးမှု အများဆုံးဖြစ်တတ်ပါတယ်။ Vaseline/Petroleum Jelly က အဲ့ဒီရေဓာတ်တွေကို အသားအရေ အပြင်မထွက်သွားအောင် ပိတ်လှောင်ပေးထားပါတယ်။ ဒီနည်းလမ်းက အသားအရေကာကွယ်ပေးတဲ့အလွှာ (Skin Barrier) ပျက်စီးခြင်းကနေလည်း ကာကွယ်ပေးပါတယ်။ အသားအရေခြောက်ပြီး ကွာနေတဲ့သူတွေ၊ နီမြန်းနေတဲ့သူတွေအတွက် တစ်ညတည်းနဲ့ အသားအရေအစိုဓာတ်ရအောင် လုပ်ပေးနိုင်စွမ်းရှိပါတယ်။

အဆီအရမ်းပြန်တတ်သူ (သို့မဟုတ်) ဝက်ခြံ ခဏခဏထွက်တတ်သူတွေအတွက်တော့ "Slugging" နည်းလမ်းက ချွေးပေါက်ပိတ်စေနိုင်လို့ သတိထားသင့်ပါတယ်။ ခြောက်သွေ့ပြီး Sensitive ဖြစ်တဲ့ အသားအရေပိုင်ရှင်တွေအတွက်တော့ ဒီနည်းလမ်းက အကောင်းဆုံး နည်းလမ်းတစ်ခု ဖြစ်ပါတယ်။

**Daisy**




## အရေပြားကာကွယ်ပေးတဲ့အလွှာ (Skin Barrier) ကို ပြန်လည်ပြုပြင်ခြင်း

အရေပြားရဲ့ အပေါ်ယံလွှာဆိုတာ ခန္ဓာကိုယ်ရဲ့ အပြင်ဘက်ဆုံးခံတပ်ဖြစ်ပြီး အစိုဓာတ်ကို ထိန်းသိမ်းပေးသလို အပြင်က ဘက်တီးရီးယားနဲ့ ဖုန်မှုန့်တွေကို ကာကွယ်ပေးပါတယ်။ အဲ့ဒီအပေါ်ယံအလွှာပျက်စီးသွားရင် ဘယ်လောက်ကောင်းတဲ့ Skincare သုံးသုံးထိရောက်မှာ မဟုတ်ပါဘူး။

Barrier ပျက်စီးရခြင်း အကြောင်းအရင်းတွေကတော့ မျက်နှာကို Scrub တွေနဲ့ အလွန်အကျွံတိုက်ခြင်း(သို့မဟုတ်) အက်ဆစ်ဓာတ်ပါတဲ့ Skincare တွေ (AHA/BHA) ကို နေ့တိုင်း သုံးစွဲခြင်း၊ ပြင်းထန်လွန်းတဲ့ ဆပ်ပြာ(သို့မဟုတ်) မျက်နှာသစ်ဆေးတွေကြောင့် အရေပြားရဲ့ သဘာဝ Acid Mantle ပျက်စီးခြင်း၊ အလွန်အမင်း အေးလွန်းခြင်း၊ ပူလောင်ခြောက်သွေ့လွန်းခြင်း၊ လေထုညစ်ညမ်းခြင်းတို့ပဲ ဖြစ်ပါတယ်။

အရေပြားကာကွယ်ပေးတဲ့အလွှာ Barrier ပြုပြင်တဲ့အခါ နည်းလေကောင်းလေဆိုတဲ့ မူဝါဒကို သုံးရပါမယ်။ Active Ingredients (ဥပမာ- Retinol, Vitamin C,Acids) တွေအားလုံးကို ခေတ္တရပ်နားထားပါ။ Ceramides၊ Panthenol (Vitamin B5) နဲ့ Squalane ပါဝင်တဲ့ ထုတ်ကုန်တွေကိုသုံးပြီး အရေပြားရဲ့အစိုဓာတ်ကို ပိတ်လှောင်ထားပေးရပါမယ်။ အသားအရေဟာ ပုံမှန်အားဖြင့် နှစ်ပတ်ကနေ လေးပတ်အတွင်းမှာ သူ့အလိုလို ပြန်လည်ကျန်းမာလာတတ်တာကြောင့် အချိန်တစ်ခုတော့စောင့်ပေးဖို့တော့ လိုအပ်ပါတယ်။

**Daisy**

## နွေရာသီမှာ အရောင်နုနုလေးတွေကို ဦးစားပေးပါ

နွေရာသီရဲ့ ပူပြင်းလှတဲ့ နေရောင်ခြည်အောက်မှာ စမတ်ကျကျနဲ့ အေးအေးလူလူ ရှိနေဖို့ဆိုရင် ဝတ်ဆင်တဲ့ အဝတ်အစားရဲ့ 'အရောင်'ဟာ အဓိကစကားပြောပါတယ်။ အရောင်တွေမှာ အလင်းနဲ့ အပူကို တုံ့ပြန်ပုံချင်း မတူညီကြပါဘူး။

**၁။ အရောင်တွေရဲ့ အလင်းပြန်မှုနဲ့အပူစုတ်ယူမှု**

သိပ္ပံနည်းကျ ပြောရရင် အနက်ရောင်နဲ့ အရောင်ရင့်ရင့်တွေဟာ နေရောင်ခြည်မှာပါတဲ့ အပူစွမ်းအင်ကို စုပ်ယူနိုင်စွမ်း မြင့်မားပါတယ်။ ဒါကြောင့် အရောင်ရင့်တာဝတ်ရင် ကိုယ်ခန္ဓာက ပိုပူလာတာပါ။ အဖြူရောင်၊ နို့နှစ်ရောင်နဲ့ အရောင်နုနုလေးတွေဟာ နေရောင်ခြည်ကို ပြန်ကန်ထုတ်ပေးတဲ့အတွက် အသားအရေကို အပူဓာတ် အလွယ်တကူ စိမ့်မဝင်အောင် ကာကွယ်ပေးထားသလို ဖြစ်စေပါတယ်။

**၂။ စိတ်ကို အေးချမ်းစေတဲ့ အမြင်အာရုံ**

နွေရာသီရဲ့ ပူပြင်းခြောက်သွေ့တဲ့ ရာသီဥတုမှာ တောက်လွန်းတဲ့အရောင်တွေ(ဒါမှမဟုတ်)မှောင်လွန်းတဲ့ အရောင်တွေက ကြည့်ရသူကိုပါ စိတ်ရှုပ်ထွေးစေတာကြောင့် Pastel Colors လို့ခေါ်တဲ့(ပန်းနုရောင်၊ မိုးပြာနုရောင်၊ ပူစီနံ (ပူဒီနာ)စိမ်းနုရောင်)လေးတွေက ကြည့်လိုက်ရုံနဲ့ အေးမြတဲ့ ခံစားချက်ကို ပေးစွမ်းနိုင်ပါတယ်။

**၃။ နွေရာသီအတွက် အကောင်းဆုံး အရောင်အတွဲအစပ်များ**

အရောင်နုတွေကိုပဲ ရိုးရိုးကြီး မဖြစ်သွားအောင် အဖြူရောင် လီနင်အင်္ကျီနဲ့ အဖြူရောင် ဘောင်းဘီပွပွ တွဲဝတ်တာဟာ အရမ်းကိုအထာကျသလို နွေရာသီရဲ့ အမိုက်စားဖက်ရှင်တစ်ခုပါ။ အသားရောင် (Beige)၊ ဆင်စွယ်ရောင်နဲ့ ခရင်မ်ရောင် (Cream Color)တို့ကို တွဲဖက်ဝတ်ဆင်ခြင်းက လူကြီးလူကောင်းဆန်ပြီး သန့်ပြန့်တဲ့ ပုံစံမျိုးပေါက်စေပါတယ်။ မိုးပြာနုရောင်အင်္ကျီကို ခရင်မ်ရောင် ဘောင်းဘီတိုလေးနဲ့ တွဲဝတ်တာမျိုးက အပြင်သွားတဲ့အခါ ပေါ့ပေါ့ပါးပါးနဲ့ ချစ်စရာကောင်းနေမှာပါ။

နွေရာသီမှာ အရောင်နုဝတ်တဲ့အခါ သတိထားရမှာက ချွေးထွက်ရင် အတွင်းခံပေါ်တတ်တာမျိုးပါ။ ဒါ့ကြောင့် အရောင်နုဝတ်မယ်ဆိုရင် အသားရောင် (Nude color)၊ အဖြူရောင် အတွင်းခံတွေကို ရွေးချယ်ဝတ်ဆင်ဖို့ မမေ့ပါနဲ့။ **Daisy**



## အသားအရေကို Blue Light နှင့် Pollution မှ ကာကွယ်ခြင်း

ဒီနေ့ခေတ်မှာ နေရောင်ခြည် (UV) တစ်မျိုးတည်းကိုပဲ ကြောက်နေလို့ မရတော့ပါဘူး။ Digital ခေတ်မှာ ဖုန်းနဲ့ ကွန်ပျူတာရှေ့မှာ အချိန်အကြာကြီး နေရခြင်းက အသားအရေကို တိတ်တဆိတ် ပျက်စီးစေပါတယ်။


အပြာရောင်အလင်း(Blue Light) ဟာ UV ရောင်ခြည်ထက် အရေပြားအတွင်းပိုင်းထိထိုးဖောက်နိုင်ပြီး Hyperpigmentation (အမည်းစက်များ)နဲ့ Collagen ပျက်စီးခြင်းကို ဖြစ်စေပါတယ်။ ဒါကြောင့် အိမ်ထဲမှာနေရင်တောင် Screen တွေနဲ့အမြဲနီးနီးကပ်ကပ်နေနေရရင် နေလောင်ကာခရင်မ်လိမ်းဖို့ လိုအပ်ပါတယ်။

မြို့ပြက ဖုန်မှုန့်နဲ့ မီးခိုးငွေ့တွေမှာ ပါဝင်တဲ့ အမှုန်အမွှားတွေဟာ အရေပြားရဲ့ချွေးပေါက်ထဲကို ဝင်ရောက်ပြီး အသားအရေကို မွဲခြောက်စေသလို ဝက်ခြံထွက်ခြင်းကို အားပေးပါတယ်။

ဘယ်လိုကာကွယ်ရမလဲဆိုတော့ Zinc Oxide (သို့မဟုတ်) Titanium Dioxide ပါတဲ့ Sunscreen တွေက Blue Light ကို အထိရောက်ဆုံး ကာကွယ်ပေးပါတယ်။ မနက်ခင်းမှာ Vitamin C Serum ကို Sunscreen အောက်ကနေ ခံလိမ်းပါ။ သူက အပြင်က အညစ်အကြေးတွေကြောင့် ဖြစ်လာတဲ့ Free Radicals တွေကို ဓာတ်ပြယ်စေပြီး အသားအရေကို ဝင်းပစေပါတယ်။

ညဘက်မှာ အရေပြားရဲ့ချွေးပေါက်ကြားထဲက အညစ်အကြေးတွေ သန့်စင်သွားဖို့ မိတ်ကပ်ဖျက်ဆေးရည်၊ အဆီ (Cleansing Oil/Balm) နဲ့ အရင်သန့်စင်ပြီးမှ မျက်နှာသစ်ဆေးကို သုံးပေးဖို့ လိုအပ်ပါတယ်။

**Daisy**



## အစိုးရပါဠိပထမပြန်စာမေးပွဲ ဒုတိယနေ့ ဆက်လက်ဖြေဆို



**မကွေး မတ် ၃၁**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၌ သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၂၆ ခုနှစ် အစိုးရပါဠိပထမပြန် စာမေးပွဲကို မတ် ၂၉ ရက်မှ စတင်ဖြေဆိုလျက်ရှိရာ မကွေးမြို့၊ အောင်မြေရတနာဘုန်းတော်ကြီး ကျောင်းတိုက်၌ ဒုတိယနေ့ ဆက်လက် ဖြေဆိုလျက်ရှိရာ စာမေးပွဲကြီးကြပ် ဆရာတော်ကြီးများနှင့် စာဖြေသံဃာတော်၊ သီလရှင်များအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့သည်။

အဆိုပါအစိုးရပါဠိပထမပြန် စာမေးပွဲကို မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌနှင့် ဆရာတော်ကြီးများ၏ ကြီးကြပ်မှုဖြင့် မတ် ၂၉ ရက်မှ ဧပြီ ၄ ရက်အထိ ဖြေဆိုကျင်းပသွားမည်ဖြစ်ပြီး မတ် ၃၀ ရက်က ဒုတိယနေ့အဖြစ် ဆက်လက်ဖြေဆိုလျက်ရှိရာ ပထမကြီး ၅၈ ပါး၊ ပထမလတ် ၁၁၅ ပါး၊ ပထမငယ် ၁၂၆ ပါးနှင့် အခြေပြုမူလတန်း ၁၉၉ ပါး စသည့် ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း ၄၉၈ ပါး ကြွရောက်ဖြေဆိုခဲ့ပြီး ဖြေဆိုရန် ပျက်ကွက်သည့် ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း ၆၉ ပါး ရှိသည်။(အောက်ဝဲပုံ)

မကွေးမြို့နယ်၌ ၂၀၂၆ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲကို ကြွရောက်ဖြေဆိုကြသည့် ရဟန်း၊ သာမဏေနှင့် သီလရှင်များအား စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌနှင့် ဆရာတော်ကြီးများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် စေတနာရှင် အလှူရှင်များက လိုအပ်သည်များကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။**မောင်နိုင်မင်း(ပြန်/ဆက်)**

## အင်္ဂလိပ်စာ 4 Skills သင်တန်းနှင့် အခြေခံပန်းချီရေးဆွဲနည်းသင်တန်းဆင်း

**တောင်တွင်းကြီး မတ် ၃၁**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် အင်္ဂလိပ်စာ 4 Skills သင်တန်းနှင့် အခြေခံပန်းချီရေးဆွဲနည်း သင်တန်းဆင်းပွဲကို မတ် ၃၀ ရက် နံနက် ၉ နာရီက လူထုအခြေပြုဗဟိုဌာန (Community Centre)၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးက သင်တန်းဆင်းအမှာစကားပြောကြားခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က ကျောင်းသား၊ ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်တွင် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ ကျောင်းပညာရေးတွင် အထောက်အပံ့ဖြစ်စေရန် ပညာဒါနသင်တန်းများကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်းနှင့် မိမိတို့ အချိန်ပေး တက်ရောက်သင်ယူခဲ့သည့် ပညာရပ်များကို အမြဲလေ့လာနေရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ အင်္ဂလိပ်စာ စွမ်းရည်ပြိုင်ပွဲ၊ တူပျော်ဆင်နွဲ ရေသဘင်ပွဲ ပန်းချီပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲများတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆုရရှိကြသည့် သင်တန်းသား၊ သင်တန်းသူများအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ပြီး သင်တန်းနည်းပြဆရာများအား မြို့နယ်ပြန်/ဆက် ဦးစီးမှူးက ဂါရဝပြုလက်ဆောင်များ ပေးအပ်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများအား ဒံပေါက်နှင့် အချိုရည်ဘူးများဖြင့် ကျွေးမွေးခဲ့သည်။

နွေရာသီကျောင်းပိတ်ရက် အားလပ်ရက်ရှည်ကာလများတွင် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတရရှိစေရေးနှင့် ကာယ၊ ဉာဏစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် ပညာဒါနသင်တန်းများအဖြစ် အင်္ဂလိပ်စာ 4 Skills သင်တန်း၊ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းနှင့် ယဉ်ကျေးလိမ္မာသင်တန်းများကို မတ် ၃ ရက်မှ ၂၆ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**နောင်နောင်(ဗိသနိုးမြေ)**

*-*-*-*-*







ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယနေ့နေ

## ပြည်ရွာအနှံ့ မွှေးပျံ့ပျံ့

* ကြည့်ကြစမ်းလေ
ပိတောက်တွေဖူး
တောင်လေမြူးမှာ
ထူးထူးခိုင်ခိုင်
ပင်လုံးမြိုင်ညွတ်
လှိုင်လှိုင်သိပ်သည်း
စိမ်းရောင်ကဲပို
ပိတောက်ပင်ပျို ။

* နွေကြိုပိတောက်
ခါတော်ရောက်ချိန်
ကြိုင်လှောက်ဝင်းဝါ
ထိန်ထိန်သာလိမ့် ။

* တို့ရွာ၊ တို့ပြည်
ပိတောက်ဝေမွှေး
သာယာအေးမြ
စွမ်းကုန်လှမည်
စိတ်ကရည်သည်
တို့ပြည်ရွာလုံး မွှေးစေသတည်း ။ ။

မြခြူးအိမ်(ကိုလေး)

## လမ်းလျှောက်သကြံ့န်ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ညောင်ဦး မတ် ၃၁**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့ဟောင်း၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း မြန်မာ့ရိုးရာယဉ်ကျေးမှု လမ်းလျှောက်သကြံ့န် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးနှင့် ပါဝင်ဖျော်ဖြေကြမည့် သကြံ့န်ယိမ်းအဖွဲ့များ၊ စတုဒိသာကျွေးမွေးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အစည်းအဝေး ခန်းမ၌ မတ် ၃၀ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုက ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသကြံ့န်ပွဲတော်အား မြန်မာ့ရိုးရာဓလေ့ ထုံးတမ်းစဉ်လာများနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာ့ရိုးရာ လမ်းလျှောက်သကြံ့န်စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ဗဟိုမဏ္ဍာပ်နှင့် ဖွင့်ပွဲကျင်းပနိုင်ရေး၊ မုခ်ဦးပုံဒီဇိုင်းအား ပုဂံအငွေ့အသက်ပုံဒီဇိုင်း ရေးဆွဲ၍ မုခ်ဦးပုံစံငယ်၊ စတုဒိသာ ကျွေးမွေးနိုင်ရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ သကြံ့န်ယိမ်းအဖွဲ့များ ကပြဖျော်ဖြေနိုင်ရေး၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း လမ်းလျှောက်သကြံ့န် ကျင်းပမည်ဖြစ်သည့်အတွက် မြန်မာ့ရိုးရာယဉ်ကျေးမှုအငွေ့အသက် ပြည့်ဝစွာ လမ်းလျှောက်သကြံ့န် ပါဝင်ဆင်နွှဲသူများ ခံစားနိုင်ရေး ဆပ်ကော်မတီအဆင့်ဆင့်က ကြီးကြပ်ဆောင်ရွက်နိုင်ရေး၊ လမ်းလျှောက်သကြံ့န်ပွဲတော်အား ပုဂံထီး၊ ပုသိမ်ထီးတို့ဖြင့် အလှဆင်နိုင်ရေးတို့အတွက် ဆပ်ကော်မတီအသီးသီးမှ တာဝန်ယူဆောင်ရွက်ထားမှုများအား Power Point ဖြင့် အသီးသီး တင်ပြကြကာ ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသကြံ့န်ပွဲတော်အား မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၄၈၁)**

*-*-*-*-*





## ဝမ်ဘိုးစေတီတော် ရွှေထီးတော်တင်လှူပူဇော်ပွဲ ကျင်းပ

**မိုင်းယောင်း မတ် ၃၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ်၊ ဝမ်ဘိုးကျေးရွာ၌ ဝမ်ဘိုးစေတီတော် ရွှေထီးတော်တင်လှူပူဇော်ပွဲကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါ စေတီတော် အာရုံခံတန်ဆောင်း၌ ကျင်းပခဲ့သည်။

ရွှေထီးတော်တင်ပွဲတွင် ဧည့်ပရိသတ်များက မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဟိုခုံ ပရိယတ္တိဆရာတော်ထံမှ သီလ ခံယူပြီး အလှူရှင်မိသားစုက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို ဆရာတော်များထံ ဆက်ကပ်လှူဒါန်းကာ စေတီတော်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ခဲ့ပြီးနောက် ရွှေထီးတော်ဘုံအဆင့်ဆင့်ကို မင်္ဂလာရထားပျံဖြင့် စေတီတော်ပေါ်သို့ တင်လှူပူဇော်ခဲ့သည်။**(အပေါ်ပုံ)**

ထို့နောက် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းပြီး စေတီတော်ကြီးအား အနေကဇာတင်လှူပူဇော်ခဲ့ကြသည်။ အဆိုပါ ရွှေထီးတော်တင်လှူပူဇော်ပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေနှင့် မိုင်းယောင်းမြို့နယ်ရှိ စေတနာရှင်၊ အလှူရှင်များ၊ ရပ်ဝေးဒေသမှ အလှူရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

## အမရပူရမြို့နယ်၌ ၂၀၂၆ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲ စတင်ဖြေဆို

**အမရပူရ မတ် ၃၁**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကျင်းပသည့် ၂၀၂၆ ခုနှစ်၊ အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲကို မတ် ၂၉ရက် မွန်းတည့် ၁၂ နာရီက အမရပူရမြို့၊ လေးစုရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ဖြေဆိုလျက်ရှိသည်။

အဆိုပါ အစိုးရပါဠိပထမပြန်စာမေးပွဲတွင် ပထမကြီး စာရင်းရှိ ရဟန်း ၁၇၂ ပါးနှင့် သီလရှင်ငါးပါး၊ စုစုပေါင်း ၁၇၇ ပါး၊ ပထမလတ်စာရင်းရှိ ရဟန်း ၂၂၀ ပါး၊ သီလရှင် ၁၄ပါး စုစုပေါင်း ၂၃၄ပါး၊ ပထမငယ်စာရင်းရှိ ရဟန်း ၂၇၆ ပါးနှင့် သီလရှင် ၁၀ ပါး၊ စုစုပေါင်း ၂၈၆ ပါး၊ အခြေပြုမူလတန်းစာရင်းရှိ ရဟန်း ၂၈၁ ပါးနှင့် သီလရှင် ၁၄ ပါး စုစုပေါင်း ၂၉၅ ပါးတို့ရှိပြီး ယနေ့တွင် ပထမကြီးတန်း၌ ရဟန်း ၄၀ပါး၊ ပထမလတ်တန်းတွင် ရဟန်း ၆၃ ပါးနှင့် သီလရှင် သုံးပါး၊ စုစုပေါင်း ၆၃ ပါး၊ ပထမငယ်တန်းတွင် ရဟန်း ၇၄ ပါးနှင့် အခြေပြုမူလတန်းတွင် ရဟန်း ၉၂ ပါးနှင့် သီလရှင် ၁၂ ပါး၊ စုစုပေါင်း ၁၀၂ ပါး ပျက်ကွက်ခဲ့ကြပြီး အဆိုပါ စာမေးပွဲကို မတ်၂၆ ရက်မှ ဧပြီ ၄ ရက်အထိ ဖြေဆိုမည်ဖြစ်သည်။

အဆိုပါ စာမေးပွဲကို ရဟန်း၊ သာမဏေနှင့် သီလရှင်များ စိတ်အေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် မြို့နယ်သံဃနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ စာမေးပွဲကြီးကြပ်ဆရာတော်ကြီးများက အနီးကပ်ကြီးကြပ်၍ အမရပူရခရိုင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ကိုလင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးညွန့်ဦးနှင့် ကော်မတီဝင်များက ရဟန်း၊ သာမဏေ၊ သီလရှင်များ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် အနီးကပ်ကြီးကြပ် စောင့်ရှောက်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**စိုးသီဟ(အမရ)**





## အစိုးရပါဠိပထမပြန်စာမေးပွဲ ဒုတိယနေ့ ဆက်လက်ဖြေဆို

**မတ္တရာ မတ် ၃၁**

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်တွင် ၂၀၂၆ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲ ဒုတိယနေ့ကို မတ် ၃၀ ရက် မွန်းတည့် ၁၂ နာရီက အမှတ်(၁)ရပ်ကွက် အောင်မြေသုခကျောင်းတိုက် စာစစ်ဌာနတွင် ကျင်းပခဲ့သည်။

အဆိုပါ ပါဠိပထမပြန် စာမေးပွဲတွင် စာရင်းရှိ ၁၂၇ ပါး ရှိပြီး ပထမကြီးတန်း ရဟန်း ၂၃ ပါး၊ သီလရှင်တစ်ပါး၊ ပထမလတ်တန်း ရဟန်း ၂၈ ပါး သီလရှင်လေးပါး၊ ပထမငယ်တန်း ရဟန်း ၂၂ ပါး၊ သီလရှင်နှစ်ပါး၊ အခြေပြုမူလတန်းရှင် ၃၆ ပါး၊ စုစုပေါင်း ၁၁၆ ပါး ဖြေဆိုမှုရာခိုင်နှုန်း ၉၁ ဒသမ ၃၄ ရာခိုင်နှုန်း ဝင်ရောက်ဖြေဆိုခဲ့ပြီး ၁၁ ပါးဖြေဆိုရန် ပျက်ကွက်ခဲ့သည်။

အစိုးရပါဠိပထမပြန် စာမေးပွဲကျင်းပရာသို့ မြို့နယ် သံဃနာယကအဖွဲ့ ဆရာတော်ကြီးများ၊ ဩဝါဒစရိယ ဆရာတော်များ၊ မြို့နယ်စာမေးပွဲကြီးကြပ်ရေး ဆရာတော်များနှင့် အဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။ စာဖြေသံဃာတော်များ အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ခဲ့ပြီး အအေးနှင့် ရေသန့်များ ကပ်လှူခဲ့ကြသည်။

အဆိုပါ အစိုးရပါဠိပထမပြန်စာမေးပွဲကို မတ် ၂၉ ရက်မှ ဧပြီ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**စိုးကျော်သူထွေး**

## သီဟိုဠ်ရှင်မြတ်စွာဘုရား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ပြီးစီးမှု အထိမ်းအမှတ် မြန်မာ့ရိုးရာခြင်းလုံးအလှခတ်စွမ်းရည်ပြပွဲ ကျင်းပ

**ပခုက္ကူ မတ် ၃၁**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၌ ပုဂံပြည့်ရှင် အလောင်းစည်သူမင်းကြီးကိုယ်တိုင်တည်ထားကိုးကွယ်တော်မူခဲ့သော ရှေးဟောင်းသမိုင်းဝင်သီဟိုဠ်ရှင်မြတ်စွာဘုရားစေတီတော်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းရာနှုန်းပြည့် ကပ်လှူပူဇော်ပြီးစီးမှု အထိမ်းအမှတ် ပွဲတော်အဖြစ် မတ် ၂၈ရက် နံနက် ၁၀နာရီက မြန်မာ့ရိုးရာခြင်းလုံးအလှခတ်စွမ်းရည်ပြပွဲ ကျင်းပသည်။

“မြန်မာ့ရိုးရာခြင်းလုံးအလှခတ်စွမ်းရည်ပြပွဲတွင် Sea Game ပြိုင်ပွဲဝင် မြန်မာ့ဂုဏ်ဆောင်ခြင်းလုံးအားကစားသမားများနှင့် တိုင်းဒေသကြီးလက်ရွေးစင်အားကစားသမားများ၊ မြို့ခံခြင်းလုံးခတ်အဖွဲ့ ၁၂ဖွဲ့ပါဝင်ကြောင်း၊ ပွဲစဉ်များအနေဖြင့် မတ် ၂၈ ရက်မှ စတင်၍ ဧပြီလ ၁ ရက်အထိဖြစ်ပြီး ပခုက္ကူမြို့ ရှေးဟောင်းသမိုင်းဝင် သီဟိုဠ်ရှင်မြတ်စွာဘုရားစေတီတော်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းရာနှုန်းပြည့်ကပ်လှူပူဇော်ပြီးစီးမှုအထိမ်းအမှတ်ပွဲတော်ဖြစ်သလို မြန်မာ့ရိုးရာ ခြင်းလုံးခတ်အားကစား ယဉ်ကျေးမှုတိမ်ကောပပျောက်မှု မရှိစေရေးနှင့် မြန်မာ့ရိုးရာပိုင်းခြင်း(သို့မဟုတ်)ခြင်းအလှခတ်ကစားခြင်းကို မျိုးဆက်သစ်လူငယ်များလက်ဆင့်ကမ်းထိန်းသိမ်းနိုင်စေရန် ရည်ရွယ်၍ ကျင်းပခြင်းလည်းဖြစ်ကြောင်း၊



မြန်မာ့ရိုးရာခြင်းလုံးအလှခတ်စွမ်းရည်ပြကွက်များဖြစ်သော ခြင်းကြီး ၁၀မျိုး၊ ခြင်းလတ် ၁၀ မျိုးနှင့် လက်ရွေးစင်ခြင်း ၁၀ မျိုးတို့ကို ဒူး၊ ခြေဖျား၊ ခြေဖမိုး၊ ခြေဖဝါး၊ ခြေဖနောင့်၊ ခြေခွင်၊ ခြေစောင်း၊ ပခုံး၊ခေါင်း၊ ကျောကုန်း၊ တံတောင်၊ ရိုးရိုးဒူး၊ နှစ်ထပ်ဒူး၊ ဝိုက်ဒူး၊ မဟာဒူး၊ စလွယ်ခြင်း၊ ဝိုက်ခြင်း၊ ရှပ်ခြေထိုးခြင်း စသည့်အမှတ်အသားများဖြင့် အဖွဲ့လိုက်ဝင်ရောက်ခြင်းလုံးအလှခတ် စွမ်းရည်ပြကစားကြကြောင်း” ဘုရားကြီးဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးလှဖုန်းက ပြောသည်။

(ခဲပုံ)

(၃၄၀)

## မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ ကျန်းမာရေးထောက်ပံ့ငွေ ပေးအပ်

**မန္တလေး မတ် ၃၁**

မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ ကန်တော့ခံဆရာ၊ ဆရာမကြီးများ ကျန်းမာရေးမကောင်း၍ ဆေးရုံတက်ရောက် ဆေးကုသခြင်းများရှိပါက အချိန်နှင့် တစ်ပြေးညီ ထောက်ပံ့ကူညီခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ဘာသာရပ်အသီးသီးမှ တင်ပြလာသော ကန်တော့ခံဆရာ၊ ဆရာမကြီးများအား ကျန်းမာရေးထောက်ပံ့လျက်ရှိရာ မတ် ၂၈ ရက်က ကန်တော့ခံဆရာကြီးဦးတင်ဝင်း(သင်္ချာ)သည် မင်းဘူးမြို့၊ နဂါးနီဆေးရုံတွင် မျက်စိအတွင်းတိမ် ခွဲစိတ်ကုသရသဖြင့် ဂါရဝပြုငွေကျပ်ငါးသိန်းကို သင်္ချာဘာသာရပ်ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့မှ ဦးအောင်ကျော်ဦးနှင့် ကျောင်းသားဟောင်းများမှတစ်ဆင့် ထောက်ပံ့ပေးအပ်ခဲ့သည်။

မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီအနေဖြင့် အဖွဲ့တည်ထောင်သည့်ရက်မှ ၂၀၂၆ ခုနှစ်၊ မတ် ၂၈ ရက်အထိ ကန်တော့ခံဆရာ၊ ဆရာမကြီး ၃၈၆ ဦးအား ကျန်းမာရေးထောက်ပံ့ငွေကျပ် ၈၀၅ သိန်း ထောက်ပံ့နိုင်ခဲ့ကြောင်း သိရသည်။

(၀၄၅)

# မေတ္တာဖျန်းမှ လန်းဆန်းနိုင်မှာပါ

ကိုကိုပံသု(ပခုက္ကူတက္ကသိုလ်)

ဆောင်းအကုန် နွေအကူး လေရူးလေပွေတို့က ဟိုမှ သည်မှ တိုက်ခတ်လို့ လာနေချိန်ပါ။ ထက်ကောင်းကင် ဝဠာတစ်ခွင်မှာတော့ မြူနှင်းတို့ ပျောက်ကွယ်ပေမယ့် မှိုင်းမှိုင်းညို့ညို့ ဖြစ်နေဆဲပါ။ သိပ္ပံပညာရှင်တို့ကတော့ ပြောလာကြပြီ။ လေထုညစ်ညမ်းမှု ဖြစ်နေတာပါ။ မသန့်ရှင်းတဲ့လေက လူတွေကို အန္တရာယ်ပြုလာနေပြီတဲ့။

နွေအလှကို စာသလို့ဆိုချင်ပေမယ့် လက်တွေ့မြင်နေရတာက မှုန်မှိုင်းအုံ့ဆိုင်းနေလေတော့ ဘယ်ဆီကိုမှန်းလို့ ဘယ်သို့လွမ်းရမလဲ မသိတော့ပါ။ ဆရာကြီးပြောသလိုပါပဲ။ ဘာမှလွမ်းစရာမရှိတာကိုက ပိုလို့လွမ်းရတာပါဗျာ။ မန်းမြေမှာတော့ ကျူးတော်ရေဖွေးဖွေးနဲ့ ရွှေဝါရောင် တပေါက်တတို့ ဝေနေပါပြီ။ ပန်းဝါဝါတွေ လန်းဖြာနေတာ တွေ့ရတော့ လွန်ခဲ့တဲ့ ၁၅ နှစ်ကျော်က ကြုံရဆုံရ ပြောဆိုခဲ့ကြတာကို ပြန်လည်တသ သတိရမိပါတယ်။

အချိန်က ၂၀၁၀ ပြည့်နှစ်၊ မတ်လဆန်းကပါ။ စာရေးသူဟာ ဇာတိချက်ကြွေ မွေးရပ်မြေမှာ ရှိနေခဲ့တာပါ။ အညာမြေရဲ့ နံနက်စောစောမှာ ဆောင်းရဲ့အငွေ့အသက်တို့က ပွေ့ဖက်လို့ ထားနေဆဲပါ။ နံနက်စောစော နှင်းသောသောတော့ မဟုတ်တော့ပါ။ ပတ်ဝန်းကျင်တစ်ခိုမှာတော့ မြူမှုန်တွေအုံ့ဆိုင်းလို့ မှိုင်းမှိုင်းညို့ညို့ ဖြစ်နေပါသေးတယ်။ နံနက်စောစော အိပ်ရာကထလို့ မိမိနေအိမ်မှသည် ပခုက္ကူ သီဟိုဠ်ရှင် မြတ်စွာဘုရားကြီးဆီသို့ ခြေလျင်လျှောက်လှမ်းလို့ လာခဲ့ပါတယ်။ လေနုအေးကို နွေးနွေးထွေးထွေး ထိတွေ့ခံစားရသည်မှာ ကြည်နူးကြည်သာ ဖြစ်ခဲ့မိတာ အမှန်ပါ။

မြတ်ဗုဒ္ဓထံတော်ပါးမှာ ဝပ်တွားခယ ရှိခိုးပူဇော်ကန်တော့ပြီးတဲ့အခါမှာတော့ မြို့မလမ်းပေါ်က 'ရွှေဝါဝင်းကဖေး'သို့ ဖြည်းဖြည်းညင်သာ ဆက်လက်ချီတက်ခဲ့ပါတယ်။ ချမ်းချမ်းအေးအေး အပြေးတစ်ပိုင်းနဲ့ပါ။ ဆိုင်အတွင်းသို့ ဝင်ရောက်ခဲ့တဲ့အခါမှာတော့ လူအနည်းငယ်ရှင်းနေပြီး အတွင်းဘက်ကျကျ စားပွဲမှာ ဝင်ထိုင်လိုက်ပြီးတော့ လက်ဖက်ရည်ပုံမှန်တစ်ခွက်နဲ့ ထပ်တစ်ရာတစ်ချပ်မှာလိုက်ပါတယ်။

ဆိုင်အတွင်းမှာ အေးဆေးသက်သာ ထိုင်နေရင်းက လွန်ခဲ့တဲ့ သုံးလေးရက်လောက်က စာရေးသူနဲ့ ခင်မင်ရတဲ့ မိတ်ဆွေများနဲ့ စကားဝိုင်းဖွဲ့လို့ ဆွေးနွေးခဲ့ကြတဲ့ အကြောင်းအရာတချို့ကို ပြန်လည်သတိရလေတော့ စာရေးသူရဲ့ စိတ်အစဉ်ဟာ တွေးမိတွေးရာ တွေးနေမိပါတော့တယ်။

အဓိက ပြောကြ၊ ဆိုကြ၊ ဆွေးနွေးကြတာတွေကတော့ မေတ္တာတရားရဲ့ အကြောင်းတွေပဲ ဖြစ်ပါတယ်။ စာရေးသူနဲ့ ခင်မင်ရင်းနှီးရသူများဖြစ်ကြတဲ့ ဆရာကြီး ဦးစိုးမြင့်၊ ဆရာ ဦးလှထွန်းအောင်တို့နဲ့ ဆွေးနွေးခဲ့ကြတဲ့ အကြောင်းအရာများပင် ဖြစ်ပါတယ်။ ဆရာကြီးတွေနဲ့ စကားဝိုင်းဖွဲ့ ပြောနေခဲ့ကြတာတွေကို ပြန်လည်ကြားယောင်နေမိပါတော့တယ်။

လှ။ ။ ဒီမယ်ဗျာ ဆရာသုကို တစ်ခုလောက်တော့ မေးချင်ပါသေးတယ်ဗျာ။

သု။ ။ မေးပါဗျာ။ တစ်ခုမကပါဘူး။ မေးလိုရာမေးစမ်းပါဗျာ။ သိသမျှ၊ မှတ်မိသမျှ ဖြေပေးပါ့မယ်။

လှ။ ။ ယနေ့ကမ္ဘာ ဤလူ့ရွာမှာ မေတ္တာတရားဆိုတာကို မခံယူလိုတဲ့သူ၊ မေတ္တာတရားရဲ့ အတိမ်အနက်၊ မေတ္တာတရားရဲ့လေးနက်မှုဆိုတာတွေကို မသိနားမလည်တဲ့သူ၊ မေတ္တာတရား မထားရှိတတ်တဲ့သူများ ရှိနေပါသလားဗျာ။

သု။ ။ ဆရာလှကတော့ ပြောတော့မယ်ဗျာ။ မဖြစ်နိုင်တာတွေ။ ဒီလောကကြီးမှာ လူသားတိုင်း လူသားတိုင်းဟာ မေတ္တာကို ရယူချင်တဲ့သူတွေ၊ အေးမြတဲ့ မေတ္တာအရိပ်မှာ နေထိုင်လိုကြသူတွေ၊ မေတ္တာလွှမ်းခြုံတဲ့၊ အေးမြချမ်းသာတဲ့နေရာတွေမှာ နေချင်ကြသူတွေပါပဲဗျာ။

စိုး။ ။ ဟုတ်ပါတယ်ဗျာ။ မေတ္တာတရားကို အလိုမရှိတဲ့သူတွေ၊ မေတ္တာတရားနဲ့ ကင်းမဲ့နေတဲ့သူတွေ၊ မေတ္တာဆိုတာကို ပစ်ပယ်ထားပြီး မိုက်မဲနေကြသူ၊ အတ္တကြီးသူ၊ လောဘ၊ ဒေါသ၊ မောဟတရားတို့နဲ့ လွှမ်းမိုးကြီးစိုးနေကြသူတွေဆိုတာ ရှိတော့ရှိပါတယ်။ ဒါပေမဲ့ လူနည်းစုပါဗျာ။ အများကြီးမရှိနိုင်ပါဘူး။

လှ။ ။ ဒီမယ် ဆရာစိုး၊ လူတိုင်းကတော့ ဆရာပြောသလို မေတ္တာတရားကို လက်ကိုင်မထားနိုင်ကြပါဘူးဗျာ။ ဒီကနေ့ မြင်တွေ့နေရတာတွေကို စဉ်းစားကြည့်လိုက်စမ်းပါ။ လူတွေဟာ မေတ္တာတရား မထားကြပါဘူး။ အချင်းချင်း တိုက်ခိုက်နေကြ၊ သတ်ဖြတ်နေကြ၊ ရက်စက်ယုတ်မာနေကြတာတွေ မမြင်ကြဘူးလားဗျာ။ တစ်ယောက်ကို တစ်ယောက် အပြစ်တင်နေကြ ဝေဖန်ရှုတ်ချနေကြနဲ့ဗျာ။ နိုင်သူကလည်း နိုင်၊ ရှုံးသူကလည်း ရှုံးနိမ့် ဖြစ်နေကြတာပါ။ ပူလောင်ခြင်း၊ ဆင်းရဲခြင်းဆိုတဲ့ သောကပရိဒေဝမီးတွေနဲ့ တောက်လောင်နေကြတာကိုလည်း သတိပြုကြပါဦး။

သု။ ။ လူတိုင်းမှာ အဲ့ဒီလို မေတ္တာတရားတွေ ကင်းမဲ့နေကြရင်တော့ အဲ့ဒီလူတွေ သောကမီး၊ ဒေါသမီး၊ လောဘမီးတွေနဲ့အတူ အချိန်နဲ့အမျှ ပူလောင်နေကြရတော့မှာပါပဲဗျာ။

စိုး။ ။ မှန်ပါတယ်ဗျာ။ ဆရာတို့ပဲ စဉ်းစားကြည့်ကြစမ်းပါ။ မီးခဲကို ကိုင်ပြီး တစ်စုံတစ်ယောက်ကို ပစ်ပေါက်မယ်ဆိုကြပါစို့။ မီးခဲကို စတင်ပြီး ကိုင်တဲ့သူက အရင်ဆုံး ပူလောင်မှုကို ခံစားရမှာပဲ မဟုတ်ပါလားဗျာ။

လှ။ ။ မေတ္တာတရားဟာ မီးခဲနဲ့ ဘယ်လိုများ ပတ်သက်နေတာလဲဗျာ။ ရှင်းစမ်းပါဦး။

စိုး။ ။ ဆရာပဲ စဉ်းစားကြည့်စမ်းပါဗျာ။ သူတစ်ပါးကို ဒေါသဖြစ်တော့မယ်၊ မကောင်းတာတစ်ခုခုကို ပြုလုပ်တော့မယ်၊ ကြံစည်တော့မယ်ဆိုရင် ကိုယ်ကစပြီး အရင်ဆုံး ဒေါသဖြစ်ရမယ်၊ အရင်ဆုံး ပူလောင်ရမယ်၊ ဒေါသမီးကို အစပျိုးရမယ် မဟုတ်ပါလားဗျာ။ ဒေါသမီးဟာ မိမိကိုယ်ကို အရင်ဆုံး ပူလောင်စေပြီးမှ တခြားတစ်ပါးသူကို ကူးစက်သွားအောင် လုပ်ရတာလေဗျာ။ ဒီတော့ကာ ဒေါသကို စတင်အရင်းခံတဲ့သူဟာ မိမိကိုယ်တိုင်ပဲ မဟုတ်ပါလားဗျာ။

လှ။ ။ ဟုတ်သလိုလိုတော့ ရှိသားဗျာ။

သု။ ။ ဟုတ်ပါတယ်ဗျာ။ မေတ္တာတရားတွေ ထာဝစဉ် ကိန်းအောင်းနေကြသူတွေ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဗြဟ္မစိုရ်တရားလေးပါးကို အစဉ်ထိန်းသိမ်းထားကြသူတွေဟာ အမြဲအစဉ် အေးချမ်းလို့နေမယ်ဆိုတာကိုတော့ ယုံယုံကြည်ကြည် လက်ခံလိုက်စမ်းပါဆရာ။

စိုး။ ။ မေတ္တာတရားကို လက်ကိုင်ထားတဲ့သူဟာ မိမိကိုယ်တိုင်ကလည်း အေးချမ်းနေလေတော့ အဲ့ဒီအအေးဓာတ်ကို တစ်ပါးသူကို မျှဝေပေးခြင်းဟာ အားလုံးကို အေးမြစေတာပေါ့ဗျာ။ ဒီတော့ မိမိကိုယ်တိုင်ကပဲ ဦးစွာပထမ စိတ်အေးချမ်းနေတာ မဟုတ်ပါလားဗျာ။

လှ။ ။ ဟုတ်ပါပြီဗျာ။ ဆက်ပါဦး ဆရာ။

စိုး။ ။ ဆက်ပြောပြရမယ်ဆိုရင်တော့ မေတ္တာတရားရဲ့ အဆွေမွန်ဟာ ကရုဏာတရား၊ မုဒိတာတရား၊ ကိုယ်ချင်းစာနာမှုနဲ့ သည်းခံခွင့်လွှတ်ခြင်းတို့ ဖြစ်တယ်ဗျ။ လူသားအချင်းချင်း သနားသည်းခံ ဝေဖန်ထောက်ရှုကြပြီး ကရုဏာနဲ့ မုဒိတာတရား ပွားများကြမယ်ဆိုရင်တော့ သုခိတာဆိုတဲ့ ချမ်းသာခြင်းကို လက်တွေ့ခံစားကြရမှာပေါ့ဗျာ။

သု။ ။ သတ္တဝါအားလုံးအတွက် အတိုင်းအဆမရှိတဲ့ မေတ္တာထားနည်းဆိုတာကတော့ သတ္တဝါအားလုံးရဲ့ အကျိုးစီးပွားကို လိုလားတဲ့ စိတ်ထားနဲ့စေတနာ၊ အကြင်နာနဲ့ မေတ္တာထားရှိခြင်းပင် မဟုတ်လားဗျာ။ အခြားတစ်ပါးသူတို့ ပျော်ရွှင်ကြစေဖို့၊ သောကကင်းကင်းနဲ့ နေထိုင်ကြရတဲ့ အခြေအနေ၊ လောဘ၊ ဒေါသနဲ့ မာန်မာနတွေ မရှိတော့တဲ့အခြေအနေ၊ မနာလိုဝန်တိုမှုတွေနဲ့ ကင်းဝေးနေတဲ့ဘဝကို ရောက်ရှိကြစေဖို့၊ စစ်မှန်တဲ့ စိတ်ထားနဲ့ မေတ္တာပို့ခြင်းကို ဆိုလိုတာပေါ့ဗျာ။

လှ။ ။ အဲ့ဒီတရားတွေ ကင်းမဲ့နေကြမယ်ဆိုရင်တော့ မေတ္တာဆိုတာ အလျဉ်းမရှိတော့ဘဲ ပကတိ ပူလောင်နေကြမယ်လို့ ဆိုလိုတာလား ဆရာ။

သု။ ။ ဟုတ်ပါ့ဗျာ။ မေတ္တာရဲ့ အဓိကရန်သူတွေဖြစ်တဲ့ 'ဒေါသ၊ လောဘ၊ မောဟ၊ အတ္တ၊ မာန်မာနနဲ့ မနာလိုဝန်တိုမှု' တွေကို ပယ်ဖျောက်ကြရမှာပေါ့ဗျာ။

လှ။ ။ လူသားအားလုံးဟာ ပျော်ပျော်ရွှင်ရွှင် နေထိုင်လိုကြပါတယ်။ စိတ်အေးချမ်းသာ နေထိုင်လိုကြတယ်ဆိုတာကတော့ အမှန်ပဲဗျ။ ဒါပေမဲ့ အနန္တမေတ္တာဆိုတာ လူတိုင်းမှာ မရှိမဖြစ် လိုအပ်နေတယ်ဆိုတာကိုတော့ အားလုံးက နားလည်သဘောမပေါက်ကြသေးဘူးဗျ။

စိုး။ ။ ငါစွဲအတ္တကြီးထွားလာပြီး အတ္တကို ရှေ့တန်းတင်ကြလေတော့ ငါ့သွေး၊ ငါ့သား၊ ငါ့မယား၊ ငါ့မိသားစု၊ ငါ့အသိုက်အဝန်း စတဲ့ ဖောက်ပြန်နေတဲ့စိတ်တွေ၊ တစ်ယူသန်ပြီး မှုမမှန်တဲ့စိတ်တွေ လွှမ်းမိုးကြီးစိုးနေကြတော့တာပေါ့ဗျာ။

သု။ ။ ဒါတင်ဘယ်ကတော့မလဲဗျာ။ အတ္တတွေ ကြီးထွားလာကြလေလေ စိတ်ထားကမှုမမှန် အမြင်တွေက မမှန်ကန်ကြလေတော့ အပြုသဘောမဆောင်တဲ့လုပ်ရပ်၊ မမှန်ကန်တဲ့အပြုအမူ၊ မနာလိုမုန်းတီးတဲ့စိတ်၊ ရန်ညှိုးဖွဲ့လိုတဲ့စိတ်၊ နှိပ်စက်ညှဉ်းပန်းလိုစိတ်၊ မတော်မတရားပြုကျင့်လိုတဲ့စိတ် စတဲ့ မကောင်းတာတွေအားလုံး ဖြစ်လာတော့တာပေါ့ဗျာ။

လှ။ ။ ဒီမယ်ဆရာသု ကြီးကြီးငယ်ငယ်၊ ရွယ်ရွယ်လတ်လတ် ဘယ်သူပဲဖြစ်ဖြစ် အတ္တတော့ ရှိကြတာပါပဲဗျာ။ အတ္တကြီးသူတွေကို မေတ္တာတရား ကင်းမဲ့နေသူလို့ ဆရာသုက ဆိုလိုချင်တာလားဗျာ။

သု။ ။ ဒီလိုလေဗျာ။ ကျွန်တော်အပါအဝင် သာမန်ပုထုစဉ် လူသားတွေဟာ ဘုရား၊ ရဟန္တာ၊ ပုဂ္ဂိုလ်ထူးတွေ မဟုတ်ကြလေတော့ အတ္တနဲ့ မကင်းနိုင်ကြဘူးဆိုတာကို ဝန်ခံပါတယ်ဗျာ။ အတ္တကို လုံးဝဥဿုံ စွန့်ပယ်ရမယ်လို့တော့ အတင်းအကြပ် မပြောလိုပါဘူး ဆရာ။ ကောင်းမြတ်တဲ့စိတ်နဲ့ ယှဉ်တွဲလို့ ဖြစ်လာတဲ့စိတ်ကိုတော့ 'ဥပမာဗျာ- လူကောင်းလူတော်တစ်ယောက် မဖြစ်ဖြစ်အောင် ကြိုးစားမယ်ဆိုတဲ့ အတ္တစိတ်၊ အများအကျိုးကို မဖြစ်မနေ လုပ်ဆောင်မယ်ဆိုတဲ့ အတ္တစိတ်၊ ငါးပါးသီလကို ခါးဝတ်ပုဆိုးပမာ စွဲစွဲမြဲမြဲ ထိန်းသိမ်းထားမယ်ဆိုတဲ့ အတ္တမျိုးတော့ ထားရမှာပေါ့'။

စိုး။ ။ ဒီတော့ဗျာ အတ္တစိတ်တွေကို နည်းနိုင်သမျှ နည်းပါးကြပါစေ၊ မေတ္တာတရားများ တိုးပွားကြပါစေ၊ 'မေတ္တာနှလုံးသား နိုးထကြပါစို့' ဆိုပြီးတော့ တိုက်တွန်းကြရတော့မှာပေါ့ ဆရာရယ်။

လှ။ ။ ဆရာတို့ဖြစ်စေချင်တဲ့ အတ္တတရားတွေ နည်းပါးကြစေချင်တာကတော့ သိပ်ကောင်းတာပေါ့ဗျာ။ အပြောလွယ်သလောက် အလုပ်ခက်တဲ့ကိစ္စပဲဗျ။

သု။ ။ ဒါတော့ ဒါပေါ့ဗျာ။ မလွယ်ဘူးဆိုပြီးတော့ မလုပ်ဘဲနေကြလို့တော့ မဖြစ်ပါဘူး ဆရာရယ်။

စိုး။ ။ ဒီတော့ကာ လူတိုင်းလူတိုင်းဟာ မေတ္တာတရားရဲ့ အနှစ်သာရတွေ၊ အကျိုးထူးတရားတွေကို သိမြင်လာကြဖို့ ဆရာတို့၊ ကျွန်တော်တို့က ဟောပြောပေးကြရ၊ ရေးသားတင်ပြကြရတော့မှာပေါ့ဗျာ။

လှ။ ။ တကယ့်စေတနာအပြည့်နဲ့ အချိန်တွေပေးပြီး လုပ်နိုင်ကြရင်တော့ ကောင်းတာပေါ့ဗျာ။

သု။ ။ ဟုတ်ပါပြီဗျာ။ ဒီလောက ဒီကမ္ဘာကြီးထဲက ပုပုဝဝ၊ လှလှသွယ်သွယ်၊ ငယ်ငယ်ကြီးကြီး လူသားအားလုံးဟာ မေတ္တာပြည့်ဝ နှလုံးလှ၍ လူသားအချင်းချင်း ဖေးမကူညီ တူညီလက်တွဲလို့ အခက်အခဲမှန်သမျှကို ရင်ဆိုင်ဖြေရှင်းနိုင်ကြပြီး ဖြူလွှစေတနာ ကရုဏာနဲ့ လူ့ရွာ၊ လူ့ပြည်ကို ဝေစည်တင့်မော ဝပြောသာယာရှိကြစေရန် ကြိုးစားကြပါလို့ တိုက်တွန်းလိုက်ရပါတယ်ဗျာ။

**'မေတ္တာဖျန်းလို့ လန်းဆန်းကြပါစေ'**

# ကျွန်တော်နှင့် စက်သုံးဆီများဝယ်ယူခြင်း(အပိုင်း-၄)

DE **ဦးသန်းမြင့်ရေ...**

မန္တလေးမြို့မှာ စက်သုံးဆီအရောင်းဆိုင်တွေဖြစ်တဲ့ ၇၈လမ်းနှင့် လမ်း၄၀က MEC ဆိုင်၊ ၇၈လမ်းနှင့်၄၂လမ်းက Denko ဆိုင်၊ ၇၈လမ်းနှင့်၁၀၄လမ်းက BOC ဆိုင်တွေမှာ တန်းစီနေတဲ့ ပြည်သူတွေအတွက် ရေအေးလေးတွေ လှူဒါန်းဖြစ်ပါတယ်။ ပြည်သူတွေ တန်းစီနေရတဲ့ အချိန်ကြာလာတာနဲ့အမျှ ရာသီဥတုကလည်း ပြင်းထန်တဲ့အတွက်ကြောင့် သူတို့တွေဟာ ပူပြင်းတဲ့ ရာသီဥတုဒဏ်ကို ခံစားနေရပါတယ်။ ဒီနေ့မှာတော့ ကိုရာဇာတို့ အဖွဲ့များက ၁၂ ဘူးပါတဲ့ ရေဘူးအဆွဲ ၃၀၊ ဒါဇင် ၃၀ ကို လိုက်လံပြီးတော့ ဝေငှတာ ဖြစ်ပါတယ်။ ပြည်သူတွေအတွက် အနည်းငယ် အေးချမ်းမှုရအောင်နဲ့ အမောပြေဖို့အတွက် လိုက်လံလှူဒါန်းခြင်း ဖြစ်ပါတယ်။ ကိုရာဇာနဲ့ သူငယ်ချင်းများ တစ်စုက နေပြီးတော့ လိုက်လံလှူဒါန်းပေးတာဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်ခင်ဗျာ။

DE **ဦးသန်းမြင့်ရေ...**

အခုဆိုရင် စက်သုံးဆီ အရောင်းဆိုင်တွေမှာ တန်းစီရတာ တအားကို ရှည်လျားနေတော့ စိတ်မချမ်းသာဘူးဗျ။ အတန်းတွေ မြန်မြန်ပေးနိုင်ဖို့အတွက် အဓိကကတော့ ကျွန်တော်တို့က PO(Purchase Order)တွေ လုံလောက်စွာ ရရှိရမယ်။ အဲ့ဒီ PO (Purchase Order) ရရှိပြီးရင် အဲ့ဒီဆီရောင်းတဲ့ဆိုင်တွေက သူတို့မှာ ပန့်တိုင်တွေ ရှိပါတယ်။ Dispenser လို့ ခေါ်တယ်။ အဲ့ဒီမှာ ပန့်ဂေါက်ရောင်းတဲ့ နေရာတိုင်းမှာ ဝန်ထမ်းတွေ အပြည့်ရှိဖို့ လိုပါတယ်။ အဲ့ဒီဝန်ထမ်းအင်အားကို မနက် ၆ နာရီကနေ ည ၆ နာရီ ရောင်းတဲ့အတွက်ကြောင့် ၈ နာရီ နှစ်ဆိုင်းလောက် ရှိဖို့လိုတယ်။ ပြီးရင် သူတို့ရှေ့မှာ QR ဖတ်တဲ့ ဝန်ထမ်းတွေ ရှိဖို့ လိုပါတယ်။ ဒီဝန်ထမ်းတွေက အချိန်ပြည့်ရောင်းပေးဖို့ လိုပါတယ်။ ဒါကတော့ ကျွန်တော်တို့ ကိုင်တွယ်ရမယ့် လူတွေအပိုင်းပါ။

ပြည်သူတွေဘက်ကလည်း သတ်မှတ်တဲ့အတိုင်း စနစ်တကျ တန်းစီဖို့ လိုမယ်။ ပြီးရင် အဲ့ဒီအနီးနားရောက်ရင် ဖုန်းတွေ အမြန်ဖွင့်မယ်။ ဖင်ထိုင်ခုံတွေ ဖွင့်ထားမယ်။ ဆီတိုင်ကီ ပလပ်တွေ ဖွင့်ရမယ်။ သတ်မှတ်တဲ့ ဒီဇယ်အရေအတွက်ကို ထည့်တဲ့အချိန်မှာ ပေးရမယ့် ပိုက်ဆံတွေကို ကြိုတင်ပြီးတော့ ပြင်ဆင်ပြီး ထားမယ်။ ကြိုတင်ပြီးတော့ ဥပမာ ၁၇,၅၀၀ ဆိုရင် တစ်သောင်းတန်တစ်ရွက်၊ ငါးထောင်တန်တစ်ရွက်၊ တစ်ထောင်တန်နှစ်ရွက်၊ ၅၀၀ တန် တစ်ရွက် အသင့်ပြင်ထားရပါမယ်။ အဲ့ဒီလိုမျိုး အကြွေလေးတွေ ပေးရင် ပိုပြီးတော့ မြန်ပါတယ်ခင်ဗျာ။ KPay တွေ၊ Wave Pay တွေဆိုတဲ့ Online Pay တွေနဲ့ မဝယ်ကြပါနဲ့ဦး။ အဲ့ဒါတွေနဲ့ မဝယ်ပါနဲ့။ ဒီကာလမှာအဲ့ဒါတွေက စီမံရတာအချိန်ကြာလို့ပါ။

ဝယ်ယူသူတွေဘက်ကလည်း မိဘတွေက အသက်မပြည့်သေးတဲ့ကလေးတွေ၊ လူလိုင်စင်မရှိသေးတဲ့ကလေးတွေကို မဝယ်ခိုင်းပါနဲ့။ ပြီးရင် စက်သုံးဆီဝယ်ယူသူတွေဘက်က စက်သုံးဆီတွေကို ရေသန့်ဘူးတွေနဲ့ ကဲ့ထားခြင်းမျိုး၊ ထည့်ထားခြင်းမျိုး လုံးဝခွင့်ပြုမှာမဟုတ်ပါဘူး။ နောက်တစ်ခါ ကျွန်တော်တို့ ကွပ်ကဲမယ့်သူတွေအပိုင်းမှာလည်း မြို့ထဲကဆိုင်တွေ ဖြစ်တာမို့လို့ ကုန်တင်ကားတွေ၊ Express ကားတွေ၊ ၁၀ ဘီးကားနဲ့အထက် ကားတွေကို စက်သုံးဆီရောင်းချပေးခြင်း မရှိဖို့လည်း လိုအပ်ပါတယ်။ ဒီအချက်တွေကို ကွပ်ကဲတဲ့သူတွေရော၊ ဆီဆိုင်တွေဘက်ကရော၊ ပြည်သူတွေဘက်ကရော အားလုံးဝိုင်းဝန်းလိုက်နာကြမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ဒီတန်းစီတဲ့ အတန်းကြီးက အမြန်လျော့ကျသွားမှာ ဖြစ်သလိုတန်းစီမယ့် လူတွေရဲ့ မန္တလေးမြို့ရဲ့ နေပူရှိန်ကို ခံစားရတဲ့ဒုက္ခလည်း ကင်းဝေးသွားမှာဖြစ်မယ်လို့ တင်ပြအပ်ပါတယ်ခင်ဗျာ။

DE **ဦးသန်းမြင့်ရေ...**

ယခုအခါ ကျွန်တော်တို့ မန္တလေးမြို့မှာ နှစ်ဘီးဆိုင်ကယ်တွေက Register လုပ်ထားတာအားလုံး ၁၁သိန်းခန့် ရှိပါတယ်။ ကျွန်တော်တို့ စုံဂဏန်း၊ မဂဏန်းတွေ ခွဲလိုက်တဲ့အတွက်ကြောင့် စုံအက္ခရာက ငါးသိန်းငါးသောင်းခန့်၊ မအက္ခရာက ငါးသိန်းငါးသောင်းခန့် ရှိနိုင်ပါတယ်။ စုံ၊ မတွေမှာပဲ တစ်ပတ်မှာ သုံးကြိမ်ခွဲပြီး ထုတ်ပေးတဲ့အတွက်ကြောင့် ပထမဆုံးနေ့ ၂၇ ရက်မှာ နှစ်သိန်းခုနစ်သောင်းခန့်မှန်းထားပါတယ်။ ဒုတိယအကြိမ် ၂၉ ရက်မှာလည်း နှစ်သိန်းခုနစ်သောင်းလောက် ရှိမယ်လို့ မျှော်လင့်ပါတယ်။ ဒါပေမဲ့ မန္တလေးမြို့ရဲ့ စက်သုံးဆီဆိုင်တွေမှာ ဆီထုတ်တဲ့ဆိုင်ကယ် အရေအတွက်ကတော့ လျော့ပါးသွားခြင်းမရှိဘဲ တိုးကြိတ်ပြီးနေပါတယ်။ ပြည်သူတွေက မန္တလေးမြို့ရဲ့ ပြင်းထန်တဲ့ နွေအပူရှိန်ကို ခံစားရပါတယ်။ ဒါကြောင့်မို့လို့ ကိုရာဇာတို့အဖွဲ့တွေက မန္တလေးမြို့မှာရှိတဲ့ စက်သုံးဆီဆိုင်ကြီးတွေမှာ ဆီဖြည့်နိုင်မယ့် ပန့်မှန်သမျှကို ဖွင့်လှစ်ရောင်းချဖို့ ညွှန်ကြားခဲ့ပါတယ်။

နောက် ဆီပန့်ဆိုင်တွေမှာ ပန့်တွေ ခေတ္တပျက်စီးခဲ့ရင် PPRD ကို ချက်ချင်းသတင်းပို့ပြီး တစ်ရက်အတွင်း ပြီးစီးအောင် ပြင်ဆင်ဖို့လည်း ညွှန်ကြားထားပါတယ်။ ဒါ့အပြင် Dispenser တွေမှာ ပန့်တိုင်တွေမှာ VIP အတွက်ဆိုပြီးတော့ Free ထားတာမျိုး၊ ဆီထည့်မပေးဘဲလွှတ်ထားတာမျိုး မရှိစေဘဲ ပန့်တိုင်အားလုံးက နေပြီးတော့ ကားတွေနဲ့ ဆိုင်ကယ်တွေကို ရောင်းချစေမှာ ဖြစ်ပါတယ်။ Dispenser ၁၂ ခု ရှိပါက ခြောက်ခုစီကို ကားကို ခြောက်စီး၊ ဆိုင်ကယ်ကိုခြောက်စီး စသည်ဖြင့် ရောင်းချစေမှာ ဖြစ်ပါတယ်။

Dispenser များအတွက် စက်သုံးဆီရောင်းချတဲ့ ဝန်ထမ်းတွေကို အလုံအလောက် ဖြည့်တင်းထားဖို့လည်း မှာကြားထားပြီး ဖြစ်ပါတယ်။ အဲ့ဒီ ပန့်ဂေါက်ကိုင်သူတို့ရဲ့ ရှေ့မှာ QR Code ဖတ်တဲ့ ဝန်ထမ်းတွေကိုလည်း အလုံအလောက်ထားရှိစေမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဆီဆိုင်တွေမှာ Kpay တွေ၊ Wave Pay တွေနဲ့ Online Pay တွေနဲ့ လုံးဝရောင်းချခြင်း မရှိစေရပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီကာလအတွင်းမှာ ဒီစနစ်တွေက အနည်းငယ်ရှုပ်ထွေးပြီး အချိန်ကြန့်ကြာတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။

DE **ဦးသန်းမြင့်ရေ...**

မန္တလေးမြို့လယ်မှာရှိတဲ့ စက်သုံးဆီဆိုင်တွေ (၇၈လမ်း၊ ၂၆ လမ်း၊ ၃၀လမ်း၊ ၃၅ လမ်း၊ သိပ္ပံလမ်း၊ မြို့ပတ်လမ်း)မှာတော့ ကုန်တင်ကားကြီးများ၊ Express ကားကြီးများ၊ သဲကား၊ ကျောက်ကား စတာတွေကို ရောင်းချခြင်း မပြုစေပါဘူး။ မြို့ပြင်မှာသာ ဒီကားတွေကို ရောင်းချစေမှာ ဖြစ်ပါတယ်။ မြို့ပြင်မှာ ဒီကားတွေ ရောင်းလို့ရှိရင်လည်း သဲကား၊ ကျောက်ကားတွေမှာ သဲတွေ၊ ကျောက်တွေ ပါရမယ်၊ ကုန်တင်ကားတွေမှာလည်း ကုန်တင်ပါမှပဲ ရောင်းချဖို့ကို မှာကြားထားပါတယ်။ ကားအခွံချည်းလာရောက်ဆီဝယ်ယူတဲ့ ကားတွေကို ရောင်းချစေခြင်း မရှိစေရပါဘူး။ မှောင်ခိုရောင်းချခြင်း ပြုလုပ်မှာ စိုးရိမ်လို့ပါ။

နောက် ကားတိုင်း၊ ဆိုင်ကယ်တိုင်း အားလုံးက Without တွေကို ရောင်းမပေးဘူး၊ VIP ဆိုပြီးတော့လည်း အခွင့်ထူးခံ ရောင်းမပေးပါဘူး။ အားလုံးက တစ်ပြေးတညီတည်းဖြစ်ပြီး အားလုံးက Wheel Tax တွေ၊ QR Sticker တွေပါမှပဲ ရောင်းချပေးဖို့ အစီအစဉ်ကို ဆောင်ရွက်ထားပါတယ်။ အဲ့ဒါအပြင် မိန်းလမ်းမကြီးတွေပေါ်မှာဆိုရင် ခြောက်လမ်းသွား လမ်းမကြီးတွေပေါ်မှာ One Lane ပဲ အသုံးပြုသင့်ပါတယ်။ ဆိုင်ကယ်တွေကို ပလက်ဖောင်းတွေပေါ်မှာ တင်မယ်။ ပလက်ဖောင်း အတက်၊အဆင်းတွေမှာ Ramp တွေ ပြုလုပ်ပေးရမယ်။ Ramp ပြုလုပ်ဖို့အဆင်သင့်မဖြစ်ရင် ဘိလပ်မြေအိတ်ခွံတွေနဲ့ သဲတွေထည့်ပြီး အတက်အဆင်း လွယ်ကူအောင် ပြုလုပ်ပေးရမယ်။ ကားတွေကိုတော့ တစ်တန်းပဲ တန်းစီစေရမှာ ဖြစ်ပါတယ်။ (Double Parking) မဖြစ်စေရပါဘူး။

DE **ဦးသန်းမြင့်ရေ...**

စက်သုံးဆီဆိုင်နှစ်ခုက ကပ်နေတဲ့အတွက်ကြောင့် ယာဉ်တန်းနှစ်ခုပြိုင်၍တန်းနေတာ(Parallel)ကိုလည်း ခွင့်မပြုပါဘူး။ ဓာတ်ဆီဆိုင်တစ်ခုက သူ့ရဲ့ Vertical လမ်းတွေပေါ်မှာ ယာဉ်ရပ်နားစေပြီးတော့ အခြားဆီဆိုင်တွေကတော့ သူနဲ့အပြိုင် လမ်းတွေကို အသုံးပြုစေရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မန္တလေးမြို့မှာ ယာဉ်တွေ၊ ဆိုင်ကယ်တွေအတွက် စက်သုံးဆီတန်းစီတဲ့အချိန်မှာ အချိန်ကြာမြင့်မှုမဖြစ်ရအောင် ကိုရာဇာတို့ ကွပ်ကဲရေးအဖွဲ့တွေကလည်း နည်းမျိုးစုံနဲ့ ပြည်သူတွေ သက်သောင့်သက်သာဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပြည်သူတွေအတွက် အရိပ်ရစေမယ့် လျှောက်လမ်းတွေ ပြုလုပ်ပေးတာတို့၊ သောက်သုံးရေထားရှိပေးတာတို့၊ သန့်စင်ခန်းတွေ အသုံးပြုစေတာတို့၊ ညချမ်းအချိန်တွေမှာ ကားပါကင်တွေကို ရေဖျန်းပေးတာတို့၊ ယာဉ်တန်းတွေကို စနစ်တကျရှိအောင် ဆောင်ရွက်ပေးတာတို့ကိုလည်း လုပ်ဆောင်လျက်ရှိပါတယ်။ ကိုရာဇာတို့ မန္တလေးမြို့မှာ စက်သုံးဆီတန်းစီတဲ့ ပြည်သူတွေအတွက် အခက်အခဲမျိုးစုံကို နည်းမျိုးစုံနဲ့ ဖြေရှင်းနေတယ်ဆိုတဲ့အကြောင်း တင်ပြအပ်ပါတယ်ခင်ဗျာ။ ကိုရာဇာတို့ရဲ့ ပိုမိုကောင်းတဲ့ ပြည်သူတွေကို သက်သာစေမယ့် အကြံဉာဏ်များရှိရင်လည်း Comment ရေးပေးစေလိုပါတယ်ခင်ဗျာ။

DE **ဦးသန်းမြင့်ရေ...**

ကိုရာဇာတို့ မန္တလေးတိုင်းဒေသကြီးအတွင်းမှာ ရမည်းသင်းမြို့၊ ပျော်ဘွယ်မြို့၊ မိတ္ထီလာမြို့၊ ဝမ်းတွင်းမြို့၊ ကူမဲမြို့၊ မြစ်သားမြို့၊ ကျောက်ဆည်မြို့၊ စဉ့်ကိုင်မြို့၊ မြစ်ငယ်မြို့နှင့် ပြင်ဦးလွင်မြို့များမှာလည်း QR Code စနစ်ဖြင့် ရောင်းချခြင်းမျိုးကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါတယ်ခင်ဗျာ။

**ရွှေဇင်**

## ဆောင်းသီးနှံကုလားပဲစိုက်ပျိုးခဲ့သော ဧက ၂၂၈၀၀ စိုက်ခင်းများ ရိတ်သိမ်းပြီး ဈေးကောင်းရရှိ

**မြစ်သား မတ် ၃၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သား မြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကုလားပဲဧက ၂၂၈၀၀ လျာထားစိုက်ပျိုးခဲ့ပြီး သီးနှံအထွက်နှုန်း တိုးတက်စေရန် လိုအပ်သော သွင်းအားစုများ ထည့်သွင်းခြင်းနှင့် ပိုးမွှားရောဂါ မကျရောက်စေရန် ကြိုတင်ကာကွယ်နှိမ်နင်းခြင်းလုပ်ငန်းများကို ဒေသခံတောင်သူများက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာ ယခုအခါ ဆောင်းသီးနှံကုလားပဲများရိတ်သိမ်းပြီးစီး၍ ဈေးကောင်းရရှိနေသည်။

မြစ်သားမြို့နယ်သည် ဆောင်းသီးနှံကုလားပဲစိုက်ပျိုးပြီး ပြည်ပပို့ကုန်ပဲမျိုးစုံ တိုးတက်တင်ပို့နိုင်ရေးဆောင်ရွက်နေသည့် မြို့နယ်တစ်ခုဖြစ်သည်။ ယခုအချိန်တွင် ကုလားပဲစိုက်ခင်းများ အပင်ဖြစ်ထွန်းမှုအားကောင်းပြီး ပိုးမွှားရောဂါများကျရောက်မှု မရှိကြောင်း၊ အောက်တိုဘာလက စိုက်ပျိုးထားသည့် ကုလားပဲခင်းများ စတင်ရိတ်သိမ်းနေပြီး အထွက်နှုန်းတစ်ဧကလျှင် ၂၂ တင်း အထိထွက်ရှိကြောင်း၊ ယခုအချိန် ကုလားပဲရေဆင်း (၃) တစ်တင်းလျှင် ငွေကျပ် ၇၀၀၀၀၊ ရေဆင်း(၈) တစ်တင်းလျှင် ငွေကျပ် ၇၅၀၀၀ အထိ ရရှိကြောင်း၊ တစ်ဧကလျှင် ကုန်ကျစရိတ် ငွေကျပ် သုံးသိန်းခန့်ရှိပြီး အမြတ်ငွေကျပ် ၁၀ သိန်းမှ ၁၅ သိန်း အထိရရှိကြောင်း၊ ကုလားပဲစိုက်ပျိုးရာတွင် ယူရီးယားဓာတ်မြေသြဇာနှင့် စိုက်ပျိုးရေးနည်းပညာများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကူညီပံ့ပိုးပေးကြောင်း ကုလားပဲစိုက်ပျိုးသည့် တောင်သူတစ်ဦးထံမှ သိရသည်။



မြစ်သားမြို့နယ်၌ ကုလားပဲရေဆင်း (၃၊ ၆၊ ၈၊ ၁၁၊ ၁၂) မျိုးများကို စိုက်ပျိုးကြပြီး ယခင်မျိုးစေ့ထုတ်တောင်သူများထံမှ မျိုးများကို တောင်သူဖလှယ်စနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ ကုလားပဲအား အတန်းလိုက်စနစ်နှင့် ကြဲပက်စနစ်နှစ်မျိုးစိုက်ပျိုးကြကြောင်း၊ အတန်းလိုက် စိုက်ပျိုးခြင်းဖြင့် အပင်ပြုစုထိန်းသိမ်းရန် လွယ်ကူခြင်း၊ မျိုးစေ့နှုန်းထားသက်သာခြင်း၊ လေဝင်၊ လေထွက်ကောင်းမွန်၍ ပိုးမွှားရောဂါများ ကာကွယ်နှိမ်နင်းရန် လွယ်ကူခြင်း၊ အပင်ဦးရေပြည့်မီခြင်း၊ အထွက်နှုန်းကောင်းခြင်းစသည့် အားသာချက်များရှိသဖြင့် အတန်းလိုက်စနစ်ကို ပိုမိုစိုက်ပျိုးလာကြသည်။

ယခုနှစ်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပညာပေးထားသည့် တောင်သူများကိုယ်တိုင် ပြုလုပ်သုံးစွဲနိုင်ပြီး ကုန်ကျစရိတ်သက်သာသော သဘာဝပိုးမွှားရောဂါကာကွယ်ဆေးများသုံးစွဲမှု ပိုမိုများပြားလာကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

(ဝဲပုံ)

ဝါဝါမြင့်(မြစ်သား)

## အမျာ:သိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ၁၀၉(ဘီ)လမ်းနှင့် ၇၂လမ်းထောင့်နေ ဒေါ်မေမြို့သိမ့်(ဘ)ဦးစိုးမြင့်(၅/ဝလန(နိုင်)၀၉၉၂၆၄)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ သုခမင်္ဂလာ(၂)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၄၉၈-သစ်ချိုကုန်း)၊ ဦးပိုင်အမှတ်(၂/၃၆)၊ ဂရန်မြေအမျိုးအစား၊ အနောက်ဘက်လှည့် ဧရိယာ(၀ ဒသမ ၀၂၈)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဦးကံချွန် အမည်ပေါက်ပြီး ယခုရောင်းချသူများမှ တရားဝင် ဝယ်ယူပိုင်ဆိုင်ထားသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေ + မီး အပါအဝင် ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံနှင့်တကွ မြေပေါ်မြေအောက် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူများဖြစ်သော (၁)ဦးခန့်မင်းဟိန်း(ဘ)ဦးစိန်လွင်(၉/မကန(နိုင်)၁၅၁၄၀၅)၊(၂) ဒေါ်ချမ်းမြေ့လွင်(ဘ)ဦးမြင့်လွင်(၉/သပက(နိုင်)၀၇၉၇၉၂)ကိုင်ဆောင်သူများထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတစ်စိတ်တစ် ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုပြ စာချုပ်စာတမ်းမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသက်နိုင်စိုး (LL.B) (P.G.D.E) (D.B.L) (D.I.L) (D.I.R)**
**တရားလွှတ်တော်ရှေ့နေ**
**၂၆လမ်း၊ ကမ်းနားလမ်းထောင့်၊ 'ရွှေမြန်မာ'စားသောက်ဆိုင်**
**အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၁၆၁၆၇၀၉**

## အမျာ:သိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၄)၊ ဦးပိုင်အမှတ်(၉၈)၊ ပေ(၃၀ × ၄၀)အကျယ်အဝန်းရှိ မြေကွက်ကို ဒေါ်ခင်ချော အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်စိမ်းစိမ်းလွင်(ဘ)ဦးသိန်းအေး(၅/ငဇန(နိုင်)၀၅၅၁၄၄)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေ ထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း၊ အထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသက်နိုင်စိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဦးမြတ်စိုးဦး(LL.B) ဦးဝေဖြိုးအောင်(LL.B) ဒေါ်မှူးမှူးမြတ်သွယ်(LL.B) ဒေါ်ပွင့်ဖြူကျော်(LL.B)**
**(အထက်တန်းရှေ့နေများ)**
**(နန-၁၃/၄)၊ လမ်း ၆၀၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (စ)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၅၇၆၃၄၈၊ ၀၉-၉၄၈၀၀၀၀၃၉၊ ၀၉-၇၇၅၂၀၈၀၂၀၊ ၀၉-၂၅၉၁၁၈၅၆၁**

## အမျာ:သိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ စည်သာယာရပ်ကွက်၊ စည်သာယာ(၃)လမ်း၊ အကွက်အမှတ်(၄၉၇/ပုသိမ်ကြီး)၊ ဦးပိုင်အမှတ်(စ/၁၁၂)၊ ဧရိယာ(၀ ဒသမ ၀၅၅)ဧက အတွင်းမှ အနောက်ဘက်ခြမ်း ပေ(၃၀ × ၄၀) အကျယ်အဝန်းရှိ ဦးမျိုးတင့်(ခ)မနို့ အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီ(၂)ထပ်တိုက် အဆောက်အအုံ၊ ရေ + မီးမီတာ အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အားလုံးတို့ကို ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ပြောဆိုသူ ဦးအောင်မြင့်(ခ)ဦးခော်ကြီး(၉/မနမ(နိုင်)၀၅၉၉၅၇)(ဘ)ဦးညိုတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက လက်ရောက်ဝယ်ယူရန် သဘောတူညီလျက် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ ရောင်းချခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား (မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြသန်းတင် (မဟာဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၂၇)၊ မြို့ဦးလမ်းသွယ်(၁)၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၅၃၃၂၉၊ ၀၉-၆၇၅၄၉၉၇၅၇**

## အမျာ:သိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၃၀)၊ ဦးပိုင်နံပါတ်(၂၃)ဟု ခေါ်တွင်သော မြေဧရိယာ(၀.၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးမျိုးလွင် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးသိန်းနိုင်(ဘ)ဦးစစ်ထွေး(၉/ပသက(နိုင်)၀၇၁၉၃၄)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဒေါ်အေးစုထွန်း (LL.B, LL.M, DBL)** | **ဒေါ်မာမာငွေ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

## အစ်မတော်စောမွန်လှ မြတဘက်ဘုရားစိန်ပူးတော်၊ ရွှေထီးတော်တင်လှူပူဇော်ပွဲတွင် ပါဝင်လှူဒါန်းနိုင်ပါရန် နှိုးဆော်လွှာ



မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ် မြတဘက်နဂါးကိုးကောင်ဘုရား အစ်မတော်စောမွန်လှတည်ထားကိုးကွယ်ခဲ့သည့် မြတဘက်စေတီတော်ကြီးအား စိန်ဖူးတော်နှင့် ရွှေထီးတော်တင်လှူပွဲကို ၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း(၃)ရက်၊ (၁၈-၄-၂၀၂၆)စနေနေ့ နံနက် ၇ နာရီတွင် တင်လှူပူဇော်ပွဲကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ပဌာန်းဆက်ဆွေတော်မျိုးတော် အပေါင်းတို့မှ ပါဝင်ကုသိုလ်ယူနိုင်ပါရန် နှိုးဆော်အပ်ပါသည်။

ဆက်သွယ်လှူဒါန်းလိုပါက ဖုန်း ၀၉-၄၀၂၅၉၈၃၅၁၊ ၀၉-၄၀၂၅၇၆၄၉၉ ထံသို့ လှူဒါန်းနိုင်ပါသည်။

## အကွက်အမှတ်(သ-၁၄)၊ ဦးပိုင်အမှတ်(၈၆)၊ မြေကွက်ထဲမှအနောက်ဘက်ခြမ်း ပေ(၂၀ × ၃၀) အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(သ-၁၄)၊ ဦးပိုင်အမှတ်(၈၆)၊ ပေ(၃၀ × ၄၀) အကျယ်အဝန်းရှိ မြေကွက်မှာ ဒေါ်တင်တင်မာ အမည်ပေါက်(ဂရန်)မြေကွက် ဖြစ်ပါသည်။ ယင်းမြေကွက်ထဲမှ အနောက်ဘက်ခြမ်း ပေ(၂၀ × ၃၀) အကျယ်အဝန်းရှိ မြေကွက်နှင့်မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းစွာဖြင့် လက်ထိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် ဒေါ်ခင်ရွှေ(ဘ)ဦးလောကွမ်(၁/မကတ(နိုင်)၀၂၆၅၃၆)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူနေထိုင်ရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ စရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ယဉ်ယဉ်မေ (LL.B) (တရားလွှတ်တော်ရှေ့နေ)**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၀၄၆၉၁၈၈၊ ၀၉-၄၀၀၈၁၁၁၉၂**

## အကွက်အမှတ်(ဗ-၂၆)၊ ဦးပိုင်အမှတ် (၁၈-ခ)၊ မြေကွက်ထဲမှ အရှေ့ဘက်ခြမ်း (၁၀ ပေ × ပေ ၃၀) အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၂၆)၊ ဦးပိုင်အမှတ်(၁၈-ခ)၊ ပေ(၂၀ × ၃၀) အကျယ်အဝန်းရှိ မြေကွက်မှာ ဒေါ်ဝင်း အမည်ဖြင့် ရရှိထားသော (စလစ်)မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်ထဲမှ အရှေ့ဘက်ခြမ်း (၁၀ ပေ × ပေ ၃၀) အကျယ် အဝန်းရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းစွာဖြင့် လက်ထိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် ဦးသိန်းဝင်း(ဘ)ဦးခင်မောင်(၅/ဆလက(နိုင်)၀၀၅၉၇၁)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူနေထိုင်ရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ စရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ယဉ်ယဉ်မေ (LL.B) (တရားလွှတ်တော်ရှေ့နေ)**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၀၄၆၉၁၈၈၊ ၀၉-၄၀၀၈၁၁၁၉၂**

## အကွက်အမှတ်(H)၊ ဦးပိုင်အမှတ်(၂၄-ခ)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(H)၊ ဦးပိုင်အမှတ်(၂၄-ခ)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဒေါ်ငွေးငွေးတင် အမည်ပေါက် (ဂရန်)မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်နှင့်မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းစွာဖြင့် လက်ထိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် ဦးအောင်ဇင်ထက်(ဘ)ဦးတင်ရွှေ(၅/တဆန(နိုင်)၁၃၁၀၈၁)နှင့် ဒေါ်ငွေးငွေးတင်(ဘ)ဦးစန်းရွှေ(၅/တဆန(နိုင်)၁၃၁၁၀၀)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူနေထိုင်ရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ စရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ယဉ်ယဉ်မေ (LL.B) (တရားလွှတ်တော်ရှေ့နေ)**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၀၄၆၉၁၈၈၊ ၀၉-၄၀၀၈၁၁၁၉၂**

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

### ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မတ် ၃၁

| | | |
|---|---|---|
| မင်းဘူး | ၄၂ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| တောင်ငူ | ၄၁ ဒသမ ၃ | ဒီဂရီဆဲလ်စီးယပ် |
| ဇောင်းတူ | ၄၁ ဒသမ ၁ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၄၁ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပဲခူး | ၄၀ ဒသမ ၉ | ဒီဂရီဆဲလ်စီးယပ် |
| အောင်လံ | ၄၀ ဒသမ ၉ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၄၀ ဒသမ ၉ | ဒီဂရီဆဲလ်စီးယပ် |

# တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဝင်းဝတံတားကို ပြန်လည်ထိန်းချုပ်ကာ ထားဝယ်-မြိတ်သွား ဆက်သွယ်ရေးလမ်းကြောင်းအား ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့

နေပြည်တော် မတ် ၃၁

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ထားဝယ်-မြိတ်သွားကားလမ်းမကြီးပေါ်တွင် အဓိကအချက်အချာကျသည့် ဝင်းဝတံတား၌ တံတားလုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်မှစ၍ Drone များ အသုံးပြု၍ သာလွန်အင်အားဖြင့် အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး အဆိုပါတံတားနှင့် အနီးပတ်ဝန်းကျင်တစ်ဝိုက်အား ယာယီစိုးမိုးကာ ဆက်သွယ်ရေးလမ်းကြောင်းကို ဖြတ်တောက်ပိတ်ဆို့ခဲ့သည်။

ထိုသို့ အကြမ်းဖက်သမားများက အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် တံတားလုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အကြမ်းဖက်သောင်းကျန်းသူများအား ရှုပ်ရှုပ်ချွံချွံ ပြန်လည်ခုခံတိုက်ခိုက်ခဲ့သော်လည်း အင်အားမမျှသည့်အတွက် မတ် ၁၂ ရက်တွင် အဆိုပါနေရာမှ စနစ်တကျဖြင့် ဂုံညင်းဆိပ်နေရာသို့ ယာယီဆုတ်ခွာခဲ့ပြီး တပ်မတော်စစ်ကြောင်းများနှင့် ပူးပေါင်း၍ လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများဆောင်ရွက်ခဲ့သည်။

စာမျက်နှာ ၁၀ သို့ ✰



တပ်မတော်စစ်ကြောင်းများက ဝင်းဝတံတားနေရာတစ်ဝိုက်အား ပြန်လည်ထိန်းချုပ်နိုင်မှုကို တွေ့ရစဉ်။

## ၂၀၂၆ ခုနှစ် မန္တလေးမဟာသင်္ကြန်ပွဲတော်တွင် မန္တလေးအငွေ့အသက်နှင့် မြန်မာ့ထုံးတမ်းအစဉ်အလာရိုးရာယဉ်ကျေးမှုကိုဖော်ကျူးသည့် "လက်ဖက်ယဉ်ကျေးမှု ဆင်နွှဲ၊ ဒြပ်မဲ့သနပ်ခါးအလှ မန်းသင်္ကြန်ပွဲ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ ထည့်သွင်းကျင်းပသွားမည်

မန္တလေး မတ် ၃၁

၂၀၂၆ ခုနှစ် မန္တလေးလမ်းလျှောက် သင်္ကြန်ပွဲတော်၌ ဒြပ်မဲ့ယဉ်ကျေးမှုဖြစ်သည့် လက်ဖက်နှင့် သနပ်ခါးကို ဂုဏ်ပြုသည့်အနေဖြင့် မန္တလေးအငွေ့အသက်နှင့် မြန်မာ့ထုံးတမ်းအစဉ်အလာရိုးရာ ယဉ်ကျေးမှုကို ဖော်ကျူးသည့် "လက်ဖက်ယဉ်ကျေးမှု ဆင်နွှဲ ဒြပ်မဲ့သနပ်ခါးအလှ မန်းသင်္ကြန်ပွဲ" ရောင်စုံဓာတ်ပုံပြိုင်ပွဲကိုလည်း ထူးခြားသည့် အစီအစဉ်တစ်ခုအဖြစ် မန္တလေး သင်္ကြန်ပွဲတော်တွင် ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

နှစ်စဉ်နှစ်တိုင်း ကျင်းပခဲ့သည့် "ပျော်ရွှင်ဆင်နွှဲမန်းသင်္ကြန်ပွဲ "ဓာတ်ပုံပြိုင်ပွဲနှင့်အတူ ယခုနှစ်တွင် ထည့်သွင်းကျင်းပမည့် ဓာတ်ပုံပြိုင်ပွဲ နှစ်ခုလုံးနှင့် ပတ်သက်သည့် စည်းကမ်းအသေးစိတ်အချက် အလက်များကိုလည်း မန္တလေးနေ့စဉ်သတင်းစာတွင် ထုတ်ပြန်ကြေညာပေးလျက်ရှိပြီး ဆုရရှိသူများကို ထိုက်တန်စွာဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန ဌာနမှူး (ညွှန်ကြားရေးမှူး) ဦးတင်ထွန်းဦးက ပြောသည်။



"ဓာတ်ပုံပြိုင်ပွဲ နှစ်ခုစလုံးမှာ ပထမ၊ ဒုတိယ၊ တတိယ ဆုသုံးဆုအပြင် နှစ်သိမ့်ဆု ခုနစ်ဆုကိုလည်း ချီးမြှင့်သွားဖို့ ရှိပါတယ်။ ပျော်ရွှင်ဆင်နွှဲမန်းသင်္ကြန်ပွဲ ဓာတ်ပုံပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်ဓာတ်ပုံတွေကို ပေးပို့ရမယ့် နေ့ရက်ကတော့ ဧပြီ ၂၂ ရက်နေ့ သင်္ကြန်အပြီးမှာ ပေးပို့ရမှာ ဖြစ်ပါတယ်။ ၂၃ ရက်နေ့မှာ ရွေးချယ်သွားမှာဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

စာမျက်နှာ ၇ သို့ ✡



## မြန်မာအသင်းက ပါကစ္စတန်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရ

ရန်ကုန် မတ် ၃၁

၂၀၂၇အာရှဖလား တတိယအဆင့် ခြေစစ်ပွဲ အုပ်စု(E) နောက်ဆုံးပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၃နာရီခွဲတွင် ပါကစ္စတန်နိုင်ငံ၊ အစ္စလာမ္မာဘတ်မြို့ရှိ ဂျန်နင်အားကစားကွင်း၌ မြန်မာအသင်းနှင့် ပါကစ္စတန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းက ပါကစ္စတန်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာအသင်းသည် အာရှဖလားတတိယအဆင့်ခြေစစ်ပွဲတွင် ခြေစစ်ပွဲမအောင်မြင်ခဲ့သော်လည်း ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်အသင်းတို့ကို နှစ်ကျော့စလုံး အနိုင်ကစားနိုင်ခဲ့သည်။

မြန်မာအသင်းသည် ၂၀၂၇ အာရှဖလား တတိယအဆင့် ခြေစစ်ပွဲ အုပ်စု(E)ပွဲစဉ်အားလုံး ယှဉ်ပြိုင်ကစားအပြီးတွင် ခြောက်ပွဲကစား ၁၂ မှတ်၊ ပါကစ္စတန်အသင်းက ခြောက်ပွဲကစား နှစ်မှတ်ရရှိခဲ့သည်။

(NGB)